# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၂)ရက် ၊ သောကြာနေ့ ၊ (27-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ညောင်လေးပင်ခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကွင်းဆင်းကြည့်ရှုအားပေး




ပဲခူး ဒီဇင်ဘာ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်လေးပင်ခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာသို့ ရောက်ရှိပြီး တစ်နှစ်နွေစပါးနှစ်သီးစိုက်ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တောင်သူလယ်သမားများ၏လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခက်အခဲများကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောကြားပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နွေစပါးစိုက်တောင်သူများကို သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များပေးအပ်ပြီး နွေစပါးပထမသီးနှံ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၀ ၌ တမန်းနှိုးခြင်းဆောင်ရွက်နေမှု ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်၊ လေးတန်းသွားလက်ဆွဲကောက်စိုက်စက်၊ ရှစ်တန်းသွားလက်ဆွဲမျိုးစေ့ချကိရိယာ၊ ပျိုးဗန်းပျိုးထောင်စက်နှင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၁

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၆၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း – တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေအနီး)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် အားလျော့သွားခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




ရတနာပုံ
၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

## လောင်းကစားပြုလုပ်မှုများကို ဆန့်ကျင်ရှုတ်ချ

ဘောလုံးလောင်းကစားခြင်းနှင့် နှစ်လုံး၊ သုံးလုံးလောင်းကစားခြင်းလုပ်ငန်းများသည် လူတို့၏ အကျင့်စာရိတ္တကို ပျက်စီးစေရုံသာမက စီးပွားရေး၊ လူမှုရေးကို ထိခိုက်စေသည့်အပြင် လုယက်မှု၊ ဖောက်ထွင်းမှု၊ ခိုးပြတိုက်မှု၊ လူသတ်မှုတို့ကိုပါ ကျူးလွန်စေသောကြောင့် ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပေသည်။

လောင်းကစားခြင်းဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း လောင်းကစားပြုလုပ်ခြင်းဖြစ်သည်ဟု လောင်းကစားဥပဒေတွင် ဖော်ပြထားသည်။

ဘောလုံးလောင်းကစားခြင်းအပါအဝင် နှစ်လုံး၊ သုံးလုံးလောင်းကစားခြင်းတို့သည် လောင်းကစားသူတို့ကို စီးပွားပျက်၊ ဘဝပျက်ဖြစ်စေသည်သာမက ဥပဒေအရ အရေးယူခံရ၍ ပြစ်ဒဏ်ကျခံရခြင်းများလည်း ကြုံတွေ့ရမည်ဖြစ်သောကြောင့် ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။ ဘောလုံး၊ နှစ်လုံး၊ သုံးလုံးလောင်းကစားဒိုင်များကို သက်ဆိုင်ရာက နှိမ်နင်းဖမ်းဆီးအရေးယူလျက်ရှိသော်လည်း ရှိနေဆဲဖြစ်သည်။ လူတို့အနေဖြင့်လည်း လောင်းကစားကို အပျော်ကစားရာမှစွဲလမ်းသွားပြီး လောင်းကစားသမားအဖြစ်မျိုးမဖြစ်စေရန် ရှောင်ရှားကြရမည်ဖြစ်ပေသည်။

ယခုအခါ ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အတူ အွန်လိုင်းဝန်ဆောင်မှုများကိုလည်း တွင်တွင်ကျယ်ကျယ်ဆောင်ရွက်လာသည်။ အွန်လိုင်းဝန်ဆောင်မှုများတွင်ကျယ်လာသည်နှင့်အမျှ အွန်လိုင်းလောင်းကစားများသည်လည်း တိုးပွားလျက်ရှိပြီး အဆိုပါ အွန်လိုင်းလောင်းကစားခြင်းများသည် အများပြည်သူတို့၏ အကျင့်စာရိတ္တကို ပျက်စီးစေရုံသာမက ဆုံးရှုံးမှုများ၊ နစ်နာမှုများလည်း များစွာဖြစ်ပေါ်လျက်ရှိပေသည်။

လောင်းကစားခြင်းများကြောင့် မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ ဆေးခန်းတစ်ခုတွင် လူသတ်မှုထိပင် ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဒီဇင်ဘာ ၂၁ ရက်က ဖော်ပြထားသည်ကို တွေ့ရပေသည်။ ဖြစ်စဉ်မှာ အဆိုပါဆေးခန်းမှ ဆရာဝန်တစ်ဦးသည် ဘောလုံး၊ နှစ်လုံး၊ သုံးလုံး လောင်းကစားခြင်းကြောင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်နေသဖြင့် ဆေးကျောင်းအတူတက်ခဲ့သည့် သူငယ်ချင်း ဆရာဝန်ဖြစ်သူကိုခေါ်၍ ပြန်ပေးဆွဲထားကြောင်း သူငယ်ချင်းဖြစ်သူ၏မိဘများထံ ခြိမ်းခြောက်ငွေကြေးတောင်းခံခဲ့သည့်အပြင် ကျောင်းနေဖက်သူငယ်ချင်း ဆရာဝန်အချင်းချင်းကို လူသတ်မှုအထိကိုပါ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လောင်းကစားခြင်းသည် လူတို့၏စာရိတ္တကို ပျက်စီးစေရုံသာမက အသက်ကိုပါအန္တရာယ်ပြုစေသောလုပ်ငန်းဖြစ်ပေသည်။

သို့ဖြစ်ရာ လောင်းကစားပြုလုပ်ခြင်းသည် ကောင်းသောသုစရိုက်ကိုဖြစ်စေသော လုပ်ငန်းမျိုးမဟုတ်ဘဲ မကောင်းသောဒုစရိုက်ကိုဖြစ်စေသော လုပ်ငန်းမျိုးဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ဘောလုံး၊ နှစ်လုံး၊ သုံးလုံးလောင်းကစားခြင်းကို မပြုလုပ်ကြရန်နှင့် လောင်းကစားပြုလုပ်မှုများ၏ သတင်းရရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့ကြရမည်ဖြစ်သကဲ့သို့ လောင်းကစားပြုလုပ်မှုများကိုလည်း ဆန့်ကျင်ရှုတ်ချကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးကုန်စည်ဒိုင်အတွင်း ဒီဇင်ဘာလနောက်ဆုံးပတ်မှစ၍ ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ ဦးရေ ၈၀၀ ကျော်ထိရှိလာ



**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေး ကုန်စည်ဒိုင်အတွင်း ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းရှင် ဦးရေ ၈၀၀ ကျော်ထိ ရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်များကို ပုံမှန်အတိုင်း အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း၊ မန္တလေးကုန်စည်ဒိုင်အတွင်း ဒီဇင်ဘာလတတိယပတ်က အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းရှင် ပုံမှန်အတိုင်းသာရှိခဲ့ကြောင်း သိရသည်။

"အခုက ပဲ၊ ပြောင်း၊ နှမ်းကုန်စည်အားလုံးနီးပါး အရောင်းအဝယ် အနည်းငယ်ကောင်းလာပါတယ်။ အချို့ အဝယ်မလိုက်ဘဲ အရောင်းအဝယ် သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းရှင်ဦးရေ ဒီဇင်ဘာလ တတိယပတ်က တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်သာရှိခဲ့ပြီး ယခုလက်ရှိ ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ တစ်ရက်လျှင် လုပ်ငန်းရှင် ဦးရေ ၈၀၀ ကျော်ထိ ရှိလာကြောင်း၊ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များကို အရောင်းအဝယ် ပြုလုပ်မည့် လုပ်ငန်းရှင်များ အဆင်ပြေစေရေးအတွက် အဆိုပါကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ပုံမှန်အတိုင်း ဖွင့်လှစ်ပေးထားကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ငရုတ်သီးစိမ်းပိဿာချိန် ၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငရုတ်သီးစိမ်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၇၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလက ငရုတ်သီးစိမ်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်က ထွက်တဲ့ ငရုတ်သီးစိမ်းတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ မှာယူမှုများပြီး တင်ပို့အားတက်ခဲ့တာပါ။ လက်ရှိငရုတ်သီးစိမ်းဈေးကတော့ ၁၀ ပိဿာကို ငွေကျပ် ၈၇၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်လက်တွေနဲ့ ချိတ်ဆက်ပြီး ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်နှင့် ကွမ်းစိုက်ပျိုးသည့် လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ လက်ရှိ ငရုတ်သီးစိမ်းများ တင်ပို့ရောင်းချအားတက်လာခြင်း၊ ငရုတ်အရည်အသွေးကောင်းလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မော်လိုက် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၄၃၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖောင်းပြင်မြို့နယ်အတွင်း နေကြာ ၂၄၃၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၀၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ပျိုးကြတာပါ"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် နေကြာအထွက်တိုးစေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၂၄၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၉၁၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းခတ်မြို့နယ် အိုက်လန်ကောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းခတ် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် အိုက်လန်ကောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အိုက်လန်ကောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# နတ်မောက်မြို့နယ် ထန်းပင်ချိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ချိုင်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းပင်ချိုင်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၅၉၈၈ ဧက စိုက်ပျိုးပြီးစီး



**ဝက်လက် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၅၉၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၃၂၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၅၉၈၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၅၉၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်တယ်။ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းဖို့၊မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်သဖြင့် ကုလားပဲသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သံဖြူဇရပ်မြို့နယ် ကွမ်သတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**သံဖြူဇရပ် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွမ်သတ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်း တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စံချိန်စံညွှန်းများနှင့်အညီအချိန်မီ ပြီးစီးရေး မှာကြားခဲ့သည်။

ကွမ်သတ်ကျေးရွာ၌ အဆိုပါလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၈၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''နိုဝင်ဘာလအတွင်းက ပေါ်ဆန်းဆန်အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းခဲ့တာပါ။ ပေါ်ဆန်းဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ဆန်တွေကို ရန်ကုန်ဈေးကွက်ကို ကုန်းလမ်း၊ ရေလမ်း နှစ်မျိုးနဲ့ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်''ဟု ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလ တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် ၁၀ အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လွတ်လပ်ရေးကြေညာစာတမ်းနှင့် ငြိမ်းချမ်းရေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"မှုပွေလီ ရန်မာန်သွမ်းပါတဲ့
ခုနေပြည် ဌာန်စခန်းဆီသို့
ရော်ရမ်းကာ မြော်မည်မှန်းလို့ငယ်
(ဗိုလ်ချုပ်ရေ)လှမ်းကြည့်လှည့်အုံး"

(စာဆိုတော်ဒဂုန်တာရာ)

**၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့**

မြန်မာ့လွတ်လပ်ရေးနေ့ သက်တမ်းသည်ပင်လျှင် ၇၇ နှစ်မြောက်ခရီးသို့ ရောက်ရှိခဲ့လေပြီ။ ထိုနည်းတူ လွတ်လပ်ရေးနှင့်ဆက်စပ်ပြီး ကပ်၍ပါလာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကလည်း အမြစ်တွယ်နေခဲ့သည်မှာ ၇၇ နှစ်ပြည့်ပေတော့မည်။ သူတစ်လူငါတစ်မင်း၊ စစ်ခင်းနေကြသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကလည်း မပြီးသေးဘဲအကြောင်းအမျိုးမျိုးပြကာ သက်ဆိုးရှည်နေဆဲပင်။ ကြားထဲက ဒုက္ခပင်လယ်ဝေ၊ ရတက်ပွေနေကြသူများက မြေစာပင်ဘဝရောက် တိုင်းရင်းသားပြည်သူများဖြစ်ကြသည်။

ထို့ကြောင့် **"စာဆိုတော်ဒဂုန်တာရာ"**က **"လွတ်လပ်ရေးဗိသုကာဖခင် ဗိုလ်ချုပ်အောင်ဆန်း"**ကို မှန်းဆန္ဒမ်းလျှတမ်းတပြီး ကြေကွဲဆို့နင့်စွာဖြင့် "ဗိုလ်ချုပ်ရေ... ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ၊ မျိုးချစ်တိုင်းရင်းသားတွေ အသက်၊ သွေး၊ ချွေးတွေနဲ့ စတေးပြီးမှ ရယူခဲ့ကြတဲ့ လွတ်လပ်ရေးကို ဟန့်တားနှောင့်ယှက်နေကြတဲ့ အဖျက်သမားရောင်စုံသူပုန်သောင်းကျန်းသူတွေရဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် နိုင်ငံနဲ့လူမျိုး အညွန့်ချိုးခံရသလိုကြမ္မာဆိုးဝင်နေတာကို လှမ်းကြည့်ပါဦး၊ ကယ်တင်ပါဦး"ဟု **မေ့ပါနိုင်** ကဗျာဖြင့် တိုင်တည်ညည်းတွားအသနားခံခဲ့ပါသည်။

နှစ်ရှည်လများ စစ်ဘေးစစ်ဒဏ်ကို ရင်စည်းခံနေကြရသော တိုင်းရင်းသားပြည်သူများ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခလောကီငရဲတွင်းထဲမှ ဘယ်သောအခါမှ လွတ်ကင်းကြမည်နည်း။ ငြိမ်းချမ်းရေး ဘယ်တော့ရမှာလဲ။ ရွှေပြည်တော်မျှော်တိုင်းဝေး၊ ရင်လေးဖွယ်အတိ။

ခေတ်အဆက်ဆက်မှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းထမ်းရွက်ခဲ့ကြသည့် သမိုင်းသက်သေများစွာရှိခဲ့ပါသည်။ ဤနေရာတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၈ ရက်နေ့ထုတ် **"ပြည်ထောင်စုနေ့စဉ်သတင်းစာပါ သိုက်ထွန်းထူး (ရေစကြို)"**၏ "စာအုပ်ဟောင်းကပြောပြသော (၆)ကြိမ်မြောက် အာဇာနည်နေ့အကြောင်း"ဆောင်းပါးထဲမှ (၆) ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနားမှာ ဖဆပလအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးဗဆွေမြွက်ကြားခဲ့သောမိန့်ခွန်းထဲမှ သာဓကတချို့ကို ကောက်နုတ်မျှဝေပေးလိုပါသည်။

"၁၉၄၈-၄၉ ခုနှစ်ကဆိုရင် ပြည်ထောင်စုကြီးကို အမဲဖျက်သလို ဖျက်လိုတဲ့နယ်ချဲ့ပယောဂအမျိုးမျိုးကြောင့် ပေါက်ဖွားလာတဲ့ သောင်းကျန်းမှုအန္တရာယ်ဟာ အင်မတန်ကြီးမားခဲ့တယ်။ ပြည်ထောင်စုကြီးတစ်ခုလုံး ချောက်ထဲကျဖို့ တဲတဲကလေးပဲလိုတဲ့အခြေအနေသို့ရောက်ခဲ့တယ်။ ဒါကြောင့် ၁၉၄၉ ခုနှစ် ဒုတိယနှစ်ပတ်လည်နေ့တုန်းကဆိုရင် ကျုပ်တို့ဟာ **"တစ်နှစ်အတွင်း ငြိမ်းချမ်းစေရမယ်"**လို့ ပြည်လုံးကျွတ်အဓိဋ္ဌာန်ပြုပြီး လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ခဲ့တာ ငြိမ်းချမ်းရေး ၉၅ ရာခိုင်နှုန်း အောင်မြင်ခဲ့တယ်။ ၁၉၅၀ ပြည့်နှစ် တတိယအကြိမ်နဲ့ ၁၉၅၁ ခုနှစ် စတုတ္ထအကြိမ် အာဇာနည်နေ့နှစ်ပတ်လည်နေ့တွေမှာလည်း **"ငြိမ်းချမ်းရေးမှ တည်တံ့ခိုင်မြဲရေး"**ဆိုတဲ့ ပြည်လုံးကျွတ်အဓိဋ္ဌာန်များ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်"ဟု မြွက်ကြားခဲ့ရာ အာဇာနည်နေ့များမှာပင် လွတ်လပ်မှုတည်တံ့ခိုင်မြဲရေးအတွက် ငြိမ်းချမ်းရေးရအောင် အမြဲဆောင်ရွက်နေပါမည်ဟု အာဇာနည်ခေါင်းဆောင်ကြီးများကိုတိုင်တည်ပြီး အဓိဋ္ဌာန်ပြုခဲ့ကြပါသည်။

ဖဆပလခေတ်နောက်ပိုင်း ခေတ်အဆက်ဆက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးကို တစ်စိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသော်လည်း ကျွဲပါးစောင်းတီး အချည်းနှီးဖြစ်ခဲ့ကြပါသည်။ ယခုခေတ် **"ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ(၂၁-ရာစုပင်လုံ)"**နှင့် နောက်ဆက်တွဲဆွေးနွေးပွဲများ၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား ချုပ်ဆိုထားသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အရ ဆွေးနွေးပွဲများကို အခါအခွင့်သင့်သလို ကျင်းပနေကြသော်လည်း ယနေ့ထိ ငြိမ်းချမ်းရေးမရရှိသေးပေ။

လွတ်လပ်ရေးနေ့နှင့်ပတ်သက်၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ ကမ္ဘာသိ ကြေညာခဲ့သော **"လွတ်လပ်ရေးကြေညာစာတမ်း"** ကို ပြန်လည်သတိရကြရန် လှုံ့ဆော်နေရသော်လည်း အချို့လူကြီးလူရွယ်၊ လူငယ်များသည် လွတ်လပ်ရေးကြေညာစာတမ်းကို မကြားဖူးကြ၊ မသိကြပေ။ မယုံလျှင် အချင်းချင်း လက်တို့မေးကြည့်ကြပါ။ ပညာရေးသင်ရိုးညွှန်းတမ်းအမျိုးမျိုး ရေးဆွဲခဲ့ကြသော်လည်း လွတ်လပ်ရေးနှင့်ငြိမ်းချမ်းရေးအတွက် အဓိကသော့ချက်ဖြစ်သော လွတ်လပ်ရေးကြေညာစာတမ်းကို ထည့်သွင်းပြဋ္ဌာန်းခြင်းမရှိသည်မှာ စဉ်းစားစရာကောင်းလှပါသည်။ ယခုတော့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခက **"လွတ်လပ်ရေးကြေညာစာတမ်း"**ကို အရှက်သိက္ခာမဲ့စွာ ပြက်ရယ်ပြုနေပါသည်။ မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းတွင် အပိုဒ်ခြောက်ပိုဒ်ပါရှိသည်။

**နံပါတ်(၆)အပိုဒ်တွင်**

"သိကြကုန်လော့။ ယနေ့ မင်္ဂလာအပေါင်းနဲ့ပြည့်စုံသော ဤအချိန်မှစ၍ ငါတို့၏မူလအပိုင်ဖြစ်သော လုံးဝလွတ်လပ်ရေးကို ငါတို့ပြန်ယူပြီး တိုင်းရင်းသားအပေါင်းတို့ သွေးစည်းညီညွတ်လျက် အခွင့်အရေးတူညီသည့် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးကို တည်ထောင်ပြီ။ ငါတို့လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီးသစ္စာကို ကမ္ဘာဆုံးတိုင်၊ မယိုင်မယိမ်းတည်မည်။ ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သော နိုင်ငံအပေါင်းတို့တရားသဖြင့် ကျင့်ဆောင်အပ်သောကျင့်ဝတ်ကို စောင့်ရှောက်ကျင့်ဆောင်မည်။ ငါတို့၏လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏ လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။ ငါတို့ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ၊ ငါတို့ကဲ့သို့သော လိုလားသူများနှင့်အတူလက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။ **ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး၊ တစ်ယောက် မကျန်ကြားသိစေသတည်း**"ဟု ကမ္ဘာကိုပင်ကြေညာခဲ့ရာ ကြက်သီးမွေးညင်းထလောက်ပါပေသည်။ သို့သော် တစ်ကမ္ဘာလုံးတစ်ယောက်မကျန် ကြားသိစေသည့် မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းကို မြန်မာတိုင်းရင်းသားအားလုံးမသိကြသည်မှာ ဝမ်းနည်းဖွယ်ရာ ကောင်းလှပါသည်။ ထို့ပြင် ကြေညာထားသည့်အတိုင်း ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ဖို့နေနေသာသာ ကိုယ့်နိုင်ငံ၏ငြိမ်းချမ်းရေးကိုပင် ကာကွယ်စောင့်ရှောက်နိုင်ခြင်း အလျှင်းမရှိပါတကား။

**❖ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သော နိုင်ငံအပေါင်းတို့တရားသဖြင့် ကျင့်ဆောင်အပ်သောကျင့်ဝတ်ကို စောင့်ရှောက်ကျင့်ဆောင်မည်။ ငါတို့၏လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။ ငါတို့ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ၊ ငါတို့ကဲ့သို့သော လိုလားသူများနှင့်အတူလက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။ ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး၊ တစ်ယောက်မကျန် ကြားသိစေသတည်း"ဟု ကမ္ဘာကိုပင်ကြေညာခဲ့ရာ ကြက်သီးမွေးညင်းထလောက်ပါပေသည်။ ❖**

နှစ်ပေါင်းရှည်ကြာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အဖြူ၊ အနီ၊ အဝါ ရောင်စုံသူပုန်လက်နက်ကိုင်သောင်းကျန်းသူ၊ လက်နက်ကိုင်တိုင်းရင်းသားသွေးချင်းများ၊ အကြမ်းဖက်အဖျက်သမားများ၊ သူခိုးဓားရိုးကမ်း အမျိုးသားသစ္စာဖောက်များ စသည်ဖြင့်အမျိုးအစားတွေ များပြားလာသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၊ စစ်ပြေးစစ်ဘေးဒုက္ခသည်များဘဝမှ ယာယီနေရပ်စွန့်ခွာသူများဟုဖြေသာအောင် ပြောင်းလဲခေါ်ဝေါ်ခဲ့သော်လည်း လောကငရဲခံစားနေကြရသည့် ဝဋ်ဒုက္ခကလျော့နည်းမသွားဘဲ ဆထက်ကဲရက်စက်လာသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ။ ကမ္ဘာပေါ်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အရှည်ကြာဆုံးနိုင်ငံအဖြစ်၊ ဆိုးညစ်လှသည့်သမိုင်းတွင်ရစ်ခံရမည့် မြန်မာနိုင်ငံ။ တွေးကြည့်လျှင် ရှက်ဖွယ်လိလိအတိ။ ကြုံတွေ့နေကြရသည့် ဘေးဒုက္ခတွေကလည်းအပြည့်။ ရင်ထဲမှာ မချိပါဘိ။

**မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း၊ နံပါတ်(၅)အပိုဒ်တွင်**

"ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်း၏ အမွေအနှစ်မဟုတ်။ မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်း၏ ပုဂ္ဂလိကပိုင်ပစ္စည်းမဟုတ်။ မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်းကမှ ချုပ်ကိုင်အနိုင်သိမ်းယူအကျိုးခံစားအပ်သော နိုင်ငံမဟုတ်။ အတိတ်ကာလကလည်းကောင်း၊ ယခုမျက်မှောက်တွင်လည်းကောင်း၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌လည်းကောင်း၊ ငါတို့ပြည်ထောင်စုအတွင်း၌ မှီတင်းနေထိုင်ကြသော ကြီးငယ်၊ ဝေးနီး၊ ကျားမ မခြား၊ သစ္စာတော်ခံနိုင်ငံသားဟူသရွေ့တို့၏ အမွေအနှစ်အပိုင်ပစ္စည်း ကျိုးခံစားရာဖြစ်သည်ဟူသော လူ့ဘာသာ လူ့တရားနှင့်အညီ ကမ္ဘာဦးကာလ လူတို့၏ ပထမစည်းရုံးမှု၌ လူအပေါင်းတို့၏သဘောဆန္ဒအရ လူအဝှမ်း၏အကျိုးကို ကောင်းစွာရွက်ဆောင်နိုင်အံ့သော ပုဂ္ဂိုလ်ကိုရွေးကောက်၍ သမ္မတတင်မြှောက်ကြသော မဖောက်ပြန်မစွန်းမငြိ ပကတိသန့်ရှင်းဖြူစင်သော မူလလူ့ဝါဒနှင့် လျော်ညီစွာ စည်းကမ်းဥပဒေသေချာထင်ရှားစွာ ပိုင်းခြားသတ်မှတ်၊ တူညီသောတရား၊ တူညီသောအခွင့်အရေး၊ တူညီသောအဆင့်အတန်းအားဖြင့် ကမ္ဘာအရှည်တည်စိမ့်သောငှာ လူအပေါင်းတို့၏ဆန္ဒသာလျှင် အဓိကဖြစ်သော သမ္မတမြန်မာနိုင်ငံတော်တည်းဟူသော မြတ်သောအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရပြီ"ဟု ဖော်ပြကြေညာထားပါသည်။

ထိုကြေညာချက်က ရှင်းလင်းတိကျ ပြတ်သားလွန်းလှပါသည်။ တိုင်းရင်းသားလူမျိုးပေါင်း ရာကျော်စုပေါင်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို မည်သူတစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့၊ တစ်ပါတီ၊ တစ်အုပ်စု၏အမွေအနှစ်မဟုတ်။ ပုဂ္ဂလိကအပိုင်ပစ္စည်းမဟုတ်။ တစ်နည်းအားဖြင့် ချုပ်ကိုင်အနိုင်သိမ်းယူမောင်ပိုင်စီးပြီး လူတစ်စု အကျိုးခံစားအပ်သောနိုင်ငံမဟုတ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးရပ်စလုံးမှာ ဤပြည်ထောင်စုအတွင်း၌ မှီတင်းနေထိုင်ကြသောအသက်ကြီးသူ၊ အသက်ငယ်သူ၊ အဝေးမှာနေသူ၊ အနီးမှာနေသူ၊ ယောကျ်ားမိန်းမ မခွဲခြားဘဲ သစ္စာတော်ခံနိုင်ငံသား(တိုင်းရင်းသားပြည်သူများအားလုံး) မှန်သမျှအားလုံး၏ အမွေအနှစ်အပိုင်ပစ္စည်း အကျိုးခံစားခွင့်ရှိကြောင်း၊ ရှင်းလင်းပြတ်သားစွာ ကြေညာထားရာ ထိုကြေညာချက်နှင့်ဆန့်ကျင့်ပြီး အဘယ့်ကြောင့် သူတစ်လူငါတစ်မင်း စစ်ခင်းနေကြပါသနည်း။ အဘယ့်ကြောင့် တစ်တောတစ်ကြက်ဖ ထကြွရမ်းကားနေကြပါသနည်း။ စဉ်းစားရကျပ်လွန်းလှပါဘိ။

**မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း၊ နံပါတ်(၄)အပိုဒ်တွင်**

"ငါတို့သည် တစ်မျိုးတစ်ဘာသာ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကိုမလိုလား။ ကျောသားရင်သား၊ သူကားငါကား၊ ခွဲခြားခြင်းကိုအလိုမရှိ။ မြစ်ချောင်းသီတာ၊ သမုဒ္ဒရာ၊ တောင်တန်းတို့ဖြင့် ကမ္ဘာ့ဓမ္မတာ သဘာဝအပိုင်းအခြားထင်ရှားစွာသတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟုသမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင်ကြရာ မြန်မာနိုင်ငံတစ်ဝန်းကို တစ်သွေးတစ်သားတည်းဟူသော ကျိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်းဟူသော ကျိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာလျှင် ဖြစ်ပေါ်အပ်သောစေတနာတည်းဟူသော ကျိုးထူး၊ ဤကျိုးထူးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင်မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ"ဟု လက်ခမောင်းခတ်ကာ ကြေညာခဲ့ပါသည်။

ထိုကြေညာချက်မှာ ရှင်းနေပါသည်။ တစ်မျိုးတစ်ဘာသာ၊ တစ်စိတ်တစ်ဒေသ၊ တစ်နယ်တစ်ကျေး၏ ကောင်းကျိုးချမ်းသာကို မလိုလားကြသလို ကျောသားရင်သား၊ သူစိမ်း၊ ရင်းနှီးသူ၊ သူက ဘာကောင်၊ ငါက ဘာကောင်၊ အရောင်အသွေး၊ အနီးအဝေး၊ အဆင့်အတန်း ခွဲခြားခြင်းကိုလည်း လုံးဝအလိုမရှိကြဘဲ၊ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်း၊ သွေးစည်းညီညွတ်စွာ ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကမ္ဘာနှင့်တိုင်တည်ပြီးကြေညာထားရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ လွတ်လပ်ရေးခိုင်မြဲရေးအတွက် အမြော်အမြင်ရှိရှိ၊ ထိထိမိမိ၊ တိတိကျကျသစ္စာဆိုထားပါသည်။ မွန်မြတ်မှန်ကန်လှသည့် ထာဝရသစ္စာဖြစ်ပါသည်။

**မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း၊ နံပါတ် (၃) အပိုဒ်တွင်** "ယခုငါတို့ရရှိအပ်သော လွတ်လပ်ရေးသည် ရေတွင် ရုပ်ရေး၊ မြသွေးကောင်းကင်၊ တိမ်ရိပ်ထင်သကဲ့သို့သော လွတ်လပ်ရေးမဟုတ်"ဟုလည်းကောင်း၊ **နံပါတ်(၂)အပိုဒ်တွင်** ရှေးနှစ်ပဝေသဏီကတည်းက စုပေါင်းနေထိုင်ခဲ့ကြသော တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုနိုင်ငံတော်ကြီး၏လွတ်လပ်ရေးဆုံးရှုံးခဲ့ရပုံနှင့် လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးများစွာ စတေးပြီးမှ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပုံကိုလည်းကောင်း၊ **နံပါတ်(၁)အပိုဒ်တွင် "အောင်စေသတည်း"** နှင့်စတင်ကာ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ပြီဟူ၍လည်းကောင်း၊ **ကြေညာစာတမ်းနိဂုံးအဆုံးပိုဒ်တွင် "ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေသတည်း"**ဟုလည်းကောင်း၊ **စာမျက်နှာ ၅ သို့ ➤**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၆၇၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၆၇၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၄၇၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၆၇၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၇ ဒသမ ၉၀ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မိုးစပါးသီးနှံ ကေ ၂၁၀၀၀ ကျော် စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ လက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ တောင်သူတွေ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အရာတော်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် စပါးစိုက်တောင်သူများအား စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်၍ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ပြည့်စုံကျယ်ပြန့်၊ လေးနက်ထိရောက်၊ တိကျပြတ်သားလွန်းစွာ၊ ဖော်ပြထားရာ ငြိမ်းချမ်းရေးစကားကို လူကြားကောင်းအောင် အာပေါင်အာရင်းသန်သန်ဖြင့် ပြောကြားဟစ်ကြွေးနေကြသူတွေ သိမှသိကြပါရဲ့လား။ မသိကျိုးကျွန်ပြုနေကြလေရော့သလား။ စာမတတ်လို့စာကိုသင် စာကိုမြင်မှ ပိုပြီးမိုက်ကန်းနေကြတာလား။ လားပေါင်းများစွာဖြင့် စဉ်းစားနေကြရင်းက နိုင်ငံနှင့်လူမျိုးကတော့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဒဏ်ကို နာတာရှည်ရောဂါသည်ပမာ နာလန်မထူနိုင်အောင် နှစ်ရှည်လများခံစားနေကြရပါသည်။

စည်းလုံးညီညွတ်မှုဖရိုဖရဲ၊ သွေးခွဲသွေးကွဲမှုများကြောင့် ပိုရှုံစိတ်ဝမ်းကွဲကုန်ကြကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်။ သွေးစည်းညီညွတ်မှုပြိုကွဲပြီး ဆူပူသောင်းကျန်း၊ ငြိမ်းချမ်းမှုအားနည်းလာသောအခါ နွှာကွဲကျားဆွဲဆိုသလို ပယောဂအမျိုးမျိုးဝင်လာကြ။ ပြည်ပကထိုးနှက်ချက်များနှင့် တစ်ဖက်သက်အနိုင်ကျင့်ပုတ် ခတ်စွပ်စွဲချက်များကလည်းဝင်နှောင့်။ နိုင်ငံဆင်းရဲနေခြင်းကလည်းတစ်မှောင့်။ ကြောင့်ကြမှုတွေက ထောင်ပုံရာပုံ။ ဖခင်ဗိုလ်ချုပ်အောင်ဆန်း တစ်တစ်ခွခွပြောခဲ့သည့် "ဟိုလူ့မျက်နှာချိုသွေးရ၊ ဒီလူ့မျက်နှာချိုသွေးရနိုင်ငံဖြစ်သွားမှာကို" စိုးရိမ်နေကြရပါသည်။

လွတ်လပ်ရေး၏ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးအောင် ဟန့်ထားနှောင့်ယှက်နေသည့် အဖျက်သမားပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်နေသမျှ ငြိမ်းချမ်းရေးမရရှိဘဲ နိုင်ငံနှင့်လူမျိုးအညွန့်ချိုးခံရသည့်ပမာ၊ တိုးတက်ဝေဆာမှုလျော့နည်းနေပေလိမ့်မည်။

**"သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်**
**ငါ့မြေမှာ နီဝါတင့်ရမပေါ့**
**အခွင့်အခါ မျှော်လို့**
**ဥယျာဉ်တော် သာယာရေးကိုလ**
**ရှုမြင်မျှော် ခါခါတွေးပါလို့**
**မနှေးပင် အားအင်ထုတ်လို့ရယ်**
**ပေါင်းနုတ်ဖို့ခဲ"**

**"စာဆိုငွေတာရီ"**က ဗိုလ်ချုပ်ကိုတမ်းတကာ **"မေ့ပါနိုင်"**ကဗျာဖြင့် တိုင်တည်ညည်းတွားခဲ့သည့်နှယ် အခြားနိုင်ငံတွေက ကိုယ်နိုင်ငံထက်သာလွန်တိုးတက်နေလျှင် ကိုယ်နိုင်ငံကလည်း အားကျမခံတိုးတက်အောင် ကြံဆောင်ကြိုးစားကြစေချင်ကြောင်း **"သာသည့်မြေသို့"**ကဗျာကို ရေးဖွဲ့လှုံ့ဆော်ခဲ့ပါသည်။

ကွယ်လွန်သွားရှာပြီဖြစ်သော စာဆိုငွေတာရီမြင်လှည့်စေချင်ပါသည်။ သူ့မြေမှာ ဖြူပြာပွင့်နေသဖြင့် ကိုယ့်မြေမှာ နီဝါတင့်အောင် ကြိုးစားကြဖို့နေနေသာသာ သက်ဆိုးရှည်ကြာနေသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၏ ဆိုးညစ်မှုဒဏ်ကို ရင်စည်းပြီးခံနေကြရဆဲ။ လွတ်လပ်ရေး၏အရသာကို အပြည့်အဝမခံစားကြရဘဲ လောကီငရဲကို ကြိတ်မှိတ်ခံစားနေကြရဆဲ။ ငြိမ်းချမ်းရေးပန်းတိုင်ကလည်း ရွှေပြည်တော်မျှော်တိုင်းဝေးနေဆဲ။ လွတ်လပ်ရေးကြေညာစာတမ်းကိုလည်း မျက်ကွယ်ပြုပြက်ရယ်ဖွဲ့နေကြဆဲပါပဲ ဗိုလ်ချုပ်ရေဟုသာ ဝေဒနာကိုကြေညာရင်းနွမ်းလျစွာဖြင့်တိုင်တည်နေချင်ပါတော့သည်။

နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်တည်တံ့ခိုင်မြဲနေစေရေးအတွက် တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံချစ်စိတ်ကိုယ်စီဖြင့် ဥမကွဲသိုက်မပျက် တွဲလက်ညီညီ သွေးစည်းညီညွတ်ကြစေချင်ပါသည်။

## တို့မြန်မာ

\- မြန်မာဟော့ မြန်မာ၊
သစ်သီးဝလံ ဆန်စပါး
ပေါများတဲ့မြန်မာ၊
လုပ်အားနဲ့ အရင်းတည်ကာ
သတင်းညီစွာ ဂုဏ်ရောင်မိုး၊
တို့မြန်ပြည် မြေကြီးက
ရွှေသီးဝေဖြိုး။

\- မြန်မာဟော့ မြန်မာ၊
တိုင်းရင်းစုံ ပြည်အမျှ
နေကြတဲ့မြန်မာ၊
ကိုယ့်ဇာတိ မြို့ပြည်ရွာ
စည်သာအောင် ကြိုးစားကြ၊
မြန်မာပြည် တက်နေဝန်း
ရွှန်းတောက်ဂုဏ်ကြွ။

\- မြန်မာဟော့ မြန်မာ၊
ရိုးမြတ်ဂုဏ် သန္ဓေအောင်း
ပြည်ကောင်းတို့မြန်မာ၊
သဒ္ဓါသီလ ပြည့်စုံစွာ
ဘာဝနာ ပွားလို့ငြိမ်း၊
မျိုးဘာသာ မပျောက်ပျက်အောင်
စောင့်ရှောက်လျက် ထိန်း။

\- မြန်မာဟော့ မြန်မာ၊
ဇာတိမာန် မိုးကြိုးသွား
တန်ခိုးထွားတဲ့မြန်မာ၊
ပြည်တွင်းပ ရန်စင်စွာ
တစ်ခွင်သာယာ အေးစေဖို့၊
မြန်မာတွေ ရဲစွမ်းနဲ့
အမြဲတမ်းယှဉ်လို့။

\- မြန်မာဟော့မြန်မာ၊
ကိုယ်ပိုင်ကဗျာ တေးကနုတ်
ရွေးထုတ်သီကာ၊
မြန်မျိုးမို့ ဂုဏ်ယူစရာ
ဘုံဇမ္ဗူမှာ ပြိုင်စံရှား၊
ဇာတိဆို မြန်မာက
အာဂပြည်သား။ ။

**လွမ်းလေးကို(သရက်)**

# နိုင်ငံတကာ သတင်းများ

## ကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်ကို တိဗက်ကုန်းမြင့်၌ တရုတ်နိုင်ငံတည်ဆောက်မည်

**ပေကျင်း ဒီဇင်ဘာ ၂၆**

ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည် တည်ဆောက်ရေးစီမံကိန်းကို တရုတ်နိုင်ငံက အတည်ပြုလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်။



အဆိုပါဆည်ကို တိဗက်ကုန်းမြင့်ဒေသ အရှေ့ပိုင်း ယာလောင်းကျန်းပိုမြစ်အောက်ဘက်ပိုင်းတွင် တည်ဆောက်ရန် တရုတ်နိုင်ငံက စီစဉ်ထားသည်။

တည်ဆောက်မှုလုပ်ငန်းပြီးဆုံးခဲ့ပါက ယင်းဆည်သစ်ကြီးသည် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားပမာဏကီလိုဝပ်နာရီ ၃၀၀ ဘီလီယံထိထုတ်ပေးနိုင်မည်ဟု ကျွမ်းကျင်သူများက တွက်ချက်ထားသည်။


ယင်းဆည်သစ်ကြီး၏ နှစ်စဉ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏသည် လက်ရှိကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်အဖြစ် ရပ်တည်နေသော မြစ်ကျဉ်းသုံးသွယ် ဆည်ထက် သုံးဆပိုများမည်ဖြစ်သည်။

တရုတ်နိုင်ငံအလယ်ပိုင်းတွင် တည်ရှိသော မြစ်ကျဉ်းသုံးသွယ်ဆည်သည် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားပမာဏ ကီလိုဝပ်နာရီ ၈၈ ဒသမ ၂ ဘီလီယံထိ ထုတ်ပေးနိုင်သည်။

ယာလောင်းကျန်းပိုမြစ်ပေါ်၌ တည်ဆောက်မည့် ဆည်သစ်အတွက် ကုန်ကျစရိတ်မှာ မြစ်ကျဉ်းသုံးသွယ်ဆည် တည်ဆောက်မှုကုန်ကျစရိတ်ထက်လည်း ပိုများပြားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အဇာဘိုင်ဂျန်ခရီးသည်တင်လေယာဉ်ပျက်ကျမှု ဝမ်းနည်းကြောင်းသဝဏ်လွှာ တရုတ်သမ္မတပေးပို့



**ပေကျင်း ဒီဇင်ဘာ ၂၆**

အဇာဘိုင်ဂျန် လေကြောင်းလိုင်းခရီးသည်တင် လေယာဉ် ပျက်ကျမှုကြောင့် ထိခိုက်သေဆုံးမှုများရှိခဲ့သည့်အတွက် ဝမ်းနည်းစာနာ ထောက်ထားကြောင်း သဝဏ်လွှာကို တရုတ်သမ္မတ ရှီကျင့်ဖျင်က အဇာဘိုင်ဂျန်၊ ရုရှားနှင့် ကာဇက်စတန်ခေါင်းဆောင်များထံ ပေးပို့ခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဇာဘိုင်ဂျန် လေကြောင်းလိုင်းမှ အမ်ဘရေရာအမျိုးအစား ခရီးသည်တင် လေယာဉ်သည် ဒီဇင်ဘာ ၂၅ ရက်တွင် ကာဇက်စတန်နိုင်ငံ အက္ကတူးမြို့အနီးတွင် ပျက်ကျခဲ့သည်။

လေယာဉ်ပျက်ကျမှုကြောင့် အနည်းဆုံး လူပေါင်း ၃၈ ဦး သေဆုံးခဲ့ရာ သေဆုံးသူများမှာ ရုရှား၊ အဇာဘိုင်ဂျန်နှင့် ကာဇက်စတန်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

လေယာဉ် ပျက်ကျမှုအတွင်း သေဆုံးခဲ့ရသူများနှင့် ကျန်ရစ်သူမိသားစုဝင်များကို မိမိအနေဖြင့် စာနာ ထောက်ထားမိကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်၏သဝဏ်လွှာတွင် ဖော်ပြထားသည်။

ပျက်ကျခဲ့သော ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည်နှင့်လေယာဉ်အမှုထမ်း ၆၇ ဦးလိုက်ပါသွားပြီး ၂၉ ဦး အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်းသိရသည်။

ယင်းလေယာဉ်သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့မှ ရုရှားနိုင်ငံ ဂရော့ဇ်နီမြို့သို့ ပျံသန်းနေစဉ် ကာဇက်စတန်နိုင်ငံ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တရုတ်နိုင်ငံ၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့၏ စီးပွားရေးဖွံ့ဖြိုးနှုန်း ကမ္ဘာ့ဘဏ် ပြန်လည်ပြင်ဆင်သတ်မှတ်



**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံ၏ ၂၀၂၄ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှင့် ၂၀၂၅ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတို့ကို ကမ္ဘာ့ဘဏ်က ယနေ့တွင် ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ယခုနှစ်အတွင်း ၄ ဒသမ ၉ ရာခိုင်နှုန်းထိရှိနိုင်ပြီး ၂၀၂၅ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၄ ဒသမ ၅ ရာခိုင်နှုန်းထိရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်ကြေညာချက်၌ ဖော်ပြထားသည်။

တရုတ်အစိုးရက ကုန်သွယ်ရေးမူဝါဒများလျှော့ပေါ့လာခြင်း၊ ရေတိုပို့ကုန်ကဏ္ဍ အားကောင်းလာခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမျှော်မှန်းချက်နှင့် ၂၀၂၅ ခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မျှော်မှန်းချက်တို့ကို ပြင်ဆင် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်အဖွဲ့က ယခုနှစ်ဇွန်လအတွင်း ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၄ ဒသမ ၈ ရာခိုင်နှုန်းသတ်မှတ်ထားပြီး ၂၀၂၅ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၄ ဒသမ ၁ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ထားခဲ့သည်။

ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် ယခုနှစ်အတွင်းအိမ်ခြံမြေဈေးကွက်ပြဿနာ၊ပြည်တွင်းစားသုံးမှု ကျဆင်းလာသောပြဿနာတို့နှင့် ရင်ဆိုင်ခဲ့ရသည်။

တရုတ်အစိုးရကလည်း တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးနှုန်းကို ၅ ရာခိုင်နှုန်းထိ သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ယာယီသမ္မတကို စွပ်စွဲပြစ်တင်ရေးအတွက် တောင်ကိုရီးယားအမျိုးသားလွှတ်တော် မဲခွဲမည်

**ဆိုးလ် ဒီဇင်ဘာ ၂၆**

ယာယီသမ္မတ ဟန်ဒက်ဆိုးကို စွပ်စွဲပြစ်တင်မှု ပြုလုပ်ရေးဥပဒေကြမ်းအား ယနေ့တွင် အမျိုးသားလွှတ်တော်သို့တင်သွင်း၍ ဒီဇင်ဘာ ၂၇ ရက်တွင် မဲခွဲအဆုံးအဖြတ်ယူမည်ဖြစ်ကြောင်း တောင်ကိုရီးယား အတိုက်အခံ လွှတ်တော်အမတ်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ယာယီသမ္မတ ဟန်ဒက်ဆိုး အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး လစ်လပ်တရားသူကြီးနေရာများအတွက် တရားသူကြီးသစ်များ ချက်ချင်းခန့်အပ်မှုမရှိခဲ့ပါက သမ္မတစွပ်စွဲပြစ်တင်ရေးလုပ်ငန်းစဉ်နှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အတိုက်အခံဒီမိုကရက်တစ်ပါတီက သတိပေးထားသည်။

တောင်ကိုရီးယား အမျိုးသားလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး လစ်လပ်တရားသူကြီးနေရာများအတွက် တရားသူကြီးသစ်များကို မဲခွဲအတည်ပြုခဲ့ပြီးဖြစ်သော်လည်းယာယီသမ္မတ ဟန်ဒက်ဆိုးက ယင်းတရားသူကြီးသစ်များကို တရားဝင်ခန့်အပ်မှုမရှိသေးကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသည် စစ်အုပ်ချုပ်ရေးဥပဒေထုတ်ပြန်ကြေညာရန် ကြိုးစားခဲ့သော သမ္မတယွန်းဆွတ်ယိုးကို သမ္မတရာထူးမှဖယ်ရှားရန် သင့်၊ မသင့် ဆုံးဖြတ်ရမည့်အဖွဲ့အစည်းဖြစ်သည်။

ယာယီသမ္မတ ဟန်ဒက်ဆိုးကို စွပ်စွဲပြစ်တင်ရန် လွှတ်တော်က ဆုံးဖြတ်ခဲ့ပါက တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းပိုဆိုးလာနိုင်သည်။

သမ္မတယွန်းဆွတ်ယိုးက ဒီဇင်ဘာ ၃ ရက်တွင် စစ်အုပ်ချုပ်ရေးဥပဒေကြေညာခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်း စတင်ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ယူနိုက်တက်လေကြောင်းလိုင်းခရီးသည်တင်လေယာဉ်ဘီးအိမ်အတွင်း ရုပ်အလောင်းတစ်လောင်းတွေ့ရှိ

**နယူးယောက် ဒီဇင်ဘာ ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် ယူနိုက်တက်လေကြောင်းလိုင်းခရီးသည်တင် လေယာဉ်တစ်စင်း၏ ဘီးအိမ်ထဲ၌ ရုပ်အလောင်းတစ်လောင်းတွေ့ရှိခဲ့ရကြောင်း အမေရိကန်မီဒီယာများက ဒီဇင်ဘာ၂၅ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဟာဝိုင်ယီကျွန်း မော်ဝီမြို့လေဆိပ်သို့ ဆင်းသက်ပြီးချိန်တွင် လေယာဉ်ဘီးအိမ်အတွင်းရှိ ရုပ်အလောင်းကို တွေ့ရှိခဲ့ရသည်ဟု ယူနိုက်တက် လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

၎င်းခရီးသည်တင် လေယာဉ်သည် ချီကာဂိုမြို့ ချီကာဂိုအိုဟားရားလေဆိပ်မှ စတင်ပျံတက်ခဲ့ပြီး ဟာဝိုင်ယီကျွန်း မော်ဝီလေဆိပ်၌ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လေယာဉ်ဘီးအိမ်အတွင်း တွေ့ရှိရသည့် ရုပ်အလောင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ယူနိုက်တက်လေကြောင်းလိုင်းက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

လေယာဉ် ဘီးအိမ်အတွင်းသို့ လေယာဉ်ပြင်ပမှတစ်ဆင့်သာဝင်ရောက်နိုင်ကြောင်း ယူနိုက်တက်လေကြောင်းလိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် လေယာဉ်ဘီးအိမ်အတွင်း ရုပ်အလောင်းတွေ့ရှိရမှုပြဿနာကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးတွဲစုံစမ်းစစ်ဆေးနေသည်ဟု ယူနိုက်တက်လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း အင်္ဂါဂြိုဟ်က ကမ္ဘာဂြိုဟ်နှင့်အနီးဆုံးမှတ်သို့ ရောက်ရှိမည်ဖြစ်



ဝါရှင်တန် ဒီဇင်ဘာ ၂၆

လာမည့် ၂၀၂၅ခုနှစ် ဇန်နဝါရီလအတွင်း အင်္ဂါဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အနီးဆုံးမှတ်သို့ ရောက် ရှိမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ အင်္ဂါဂြိုဟ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကမ္ဘာဂြိုဟ်နှင့် အနီးဆုံး မှတ်သို့ရောက်ရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် အင်္ဂါဂြိုဟ်ကို အရွယ်အစား အကြီးမားဆုံးနှင့် အတောက်ပဆုံး ဂြိုဟ်တစ်စင်းအဖြစ် ကမ္ဘာမြေပေါ်မှတစ်ဆင့် တွေ့မြင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၊ ကမ္ဘာနှင့်နေတို့ တစ်တန်းတည်း ကျရောက်မှုကြောင့် လာမည့် ဇန်နဝါရီ ၁၂ ရက်တွင် ကမ္ဘာဂြိုဟ်နှင့်အနီးဆုံးမှတ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်၊ ကမ္ဘာနှင့်နေတို့သည် ရက်ပေါင်း ၇၈၉ ရက်လျှင် တစ်ကြိမ်ကျ တစ်တန်းတည်းကျရောက်လေ့ရှိသည်။

ထိုကဲ့သို့ အင်္ဂါဂြိုဟ်၊ ကမ္ဘာနှင့်နေတို့ တစ်တန်းတည်းကျရောက်ချိန်တွင် ကမ္ဘာနှင့်အင်္ဂါဂြိုဟ်တို့ကြား အထိုက်အလျောက် နီးကပ်လာတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## တရုတ်နိုင်ငံ၏ ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုတစ်စင်းက အမေရိကန်နိုင်ငံအထက် ကောင်းကင်ယံလေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့

ပေကျင်း ဒီဇင်ဘာ ၂၆

တရုတ်နိုင်ငံ၏ ကမ္ဘာဂြိုဟ် လေ့လာရေးဂြိုဟ်တု တစ်စင်းသည် ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်နိုင်ငံအထက် ကောင်းကင်ယံ လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြောင်း ဒီဇင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

တရုတ်ဂြိုဟ်တု လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မှုကြောင့် ပေါ်ထွက်လာသော လှပသည့် အလင်းတန်းကြီးကို အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ်၊ အာကင်ဆက်ပြည်နယ်နှင့် မစ်ဆူရီပြည်နယ်တို့၌ တွေ့မြင်နိုင်ခဲ့ကြောင်း သိရသည်။



၎င်းဂြိုဟ်တုသည် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်ခဲ့ပြီးနောက် လောင်ကျွမ်းပျောက်ကွယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန် ကျွမ်းကျင်သူများ၏အဆိုအရ ၎င်းဂြိုဟ်တုမှာ တရုတ်နိုင်ငံက ၂၀၁၆ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် Superview 1-02 ဂြိုဟ်တု ဖြစ်နိုင်ကြောင်း သိရသည်။

၎င်းဂြိုဟ်တုသည် မစ်ရှင် ကာလအတွင်း ကမ္ဘာမြေပြင်အထက် ၃၂၆ မိုင်အကွာ ပတ်လမ်းပေါ်တွင်နေရာယူ၍ ကမ္ဘာမြေကို စောင့်ကြည့်လေ့လာခဲ့သော ဂြိုဟ်တုဖြစ်သည်။

အလေးချိန် ကီလိုဂရမ် ၅၆၀ ရှိသည့် Superview 1-02 ဂြိုဟ်တုသည် ၂၀၂၃ ခုနှစ် နှစ်စပိုင်းတွင် မစ်ရှင်သက်တမ်း ကုန်ဆုံးခဲ့ပြီး သက်မဲ့ဂြိုဟ်တုဘဝ ရောက်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ကြာသပတေးဂြိုဟ်၏ အီကွေတာခါးပတ်ကွင်းနယ်မြေတစ်ခုကို အရွယ်အစားအလွန်ကြီးမားသည့် မိုးကြိုးမုန်တိုင်းနှစ်ခု တိုက်ခတ်နေ

ဝါရှင်တန် ဒီဇင်ဘာ ၂၆

ကြာသပတေးဂြိုဟ်၏ အီကွေတာခါးပတ်ကွင်းနယ်မြေ တစ်ခုကို အရွယ်အစား အလွန်ကြီးမားသည့် မိုးကြိုးမုန်တိုင်းနှစ်ခု တိုက်ခတ်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ကြာသပတေးဂြိုဟ်အီကွေတာခါးပတ်ကွင်း နယ်မြေအတွင်းရှိ အဆိုပါ မိုးကြိုးမုန်တိုင်းတစ်ခုချင်းစီ၏ အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ထက်ပင်ပို၍ ကြီးမားကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းမိုးကြိုးမုန်တိုင်းကြီးနှစ်ခုသည် အစိမ်းရောင် လျှပ်စီးတန်းများကို ကြာသပတေးဂြိုဟ် ဓာတ်ငွေ့လေထုလွှာအတွင်းသို့ ပစ်လွှတ်လျက်ရှိရာ ကြာသပတေးဂြိုဟ် ခါးပတ်ကွင်းနယ်မြေ၏ အရောင် အသွေး ကွယ်ပျောက်သွားနိုင်ပြီး ဂြိုဟ်၏အသွင်အပြင် ပြောင်းလဲသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြာသပတေးဂြိုဟ် အီကွေတာခါးပတ်ကွင်းနယ်မြေအတွင်းရှိ မိုးကြိုးမုန်တိုင်းများကို ဩစတြေးလျ နက္ခတ္တရူပဗေဒပုံဆရာ တစ်ဦးက ယခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

အဖြူရောင် မိုးကြိုးမုန်တိုင်းများသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကြား ကာလအတွင်းကလည်း ကြာသပတေးဂြိုဟ်ပေါ်၌ ယာယီမျှ ပေါ်ထွက်ခဲ့ဖူးကြောင်း သိရသည်။

၎င်းမုန်တိုင်းများသည် ကြာသပတေးဂြိုဟ်၏ မဟာအနီကွက်ဆိုင်ကလုန်းမုန်တိုင်း (Great Red Spot) ကဲ့သို့ ကြာရှည်မတည်တံ့ဘဲ ပြိုကွဲသွားတတ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## အပင်အခြေခံအသားတုများစားသုံးမှုကြောင့် စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ မြင့်မားလာနိုင်

လန်ဒန် ဒီဇင်ဘာ ၂၆

ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသော အပင်အခြေခံ အသားတုများစားသုံးမှုကြောင့် စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ ဆာရေးတက္ကသိုလ်မှ သုတေသန ပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ကျော်တို့၏ အစားအစာ စားသောက်မှုပုံစံများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အသားအစားထိုး အပင်အခြေခံ အသားတုများကို ပုံမှန် စားသောက်သူများသည် မစားသူများထက် စိတ်ကျဝေဒနာ ဝင်နိုင်ခြေ ၄၂ ရာခိုင်နှုန်း မြင့်တက်လာနိုင်သည်ကို တွေ့ရသည်ဟု သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါ အပင်အခြေခံ အသားတုစားသုံးမှုနှင့် စိတ်ကျဝေဒနာဝင်ရောက်မှုတို့ကြား ဆက်စပ်မှုမှာ ကိုယ်တွင်းရောင်ရမ်းမှုပြဿနာ ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

သို့ရာတွင် အပင်အခြေခံ အသားတုနှင့် စိတ်ကျဝေဒနာတို့ကြား ဆက်စပ်မှုကို တိတိကျကျ ဖော်ထုတ်ရန် လိုအပ်နေဆဲဖြစ်သည်ဟု သုတေသနပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ကျန်းမာရေးနှင့်မညီသည့်နေထိုင်မှုဖြင့်နေထိုင်ရသော ကလေးများ အသက် ၁၀ နှစ်ခန့်တွင် နှလုံးကျန်းမာရေး စတင်ကျဆင်းလာနိုင်

နယူးယောက် ဒီဇင်ဘာ ၂၆

ကျန်းမာရေးနှင့် မညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများဖြင့် နေထိုင်ကြရသော ကလေးများ အသက် ၁၀ နှစ်ခန့်တွင် နှလုံးကျန်းမာရေး စတင်ကျဆင်းလာနိုင်ကြောင်း ဒီဇင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် သုံးနှစ်နှင့် ၁၆ နှစ်ကြား ကလေး ၁၅၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့လေ့လာရာတွင် အမေရိကန် သုတေသနပညာရှင်များသည် ကလေးများ၏ အစားအစာ စားသုံးမှုပုံစံ၊ ကိုယ်ကာယလှုပ်ရှားမှု၊ သွေးဖိအား၊ ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း(BMI)၊ ဆေးလိပ်ငွေ့နှင့်ထိတွေ့ရမှု စသည့်အချက်များကိုပါ ထည့်သွင်းစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဘဝနေထိုင်မှုပုံစံ ကျန်းမာရေးနှင့်မညီညွတ်သည့် ကလေးများ၌ နှလုံးပြဿနာများ ပေါ်လာနိုင်ခြေမှာ အသက် ၁၀ နှစ်ခန့်မှာပင် စတင်ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အသက် ၁၀ နှစ်ခန့်တွင် နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ စတင်ရှိလာတတ်သည့် ကလေးများမှာ အရွယ်ရောက်ချိန်တွင် နှလုံးရုတ်တရက် ဖောက်မှု၊ လေဖြတ်မှုများဖြင့် ရင်ဆိုင်ရနိုင်သည်ဟု သုတေသန ပညာရှင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြကော်ဘာရင်ကို ခန့်အပ်ကြောင်း ဗလင်စီယာအသင်း ထုတ်ပြန်ကြေညာ

**မက်ဒရစ် ဒီဇင်ဘာ ၂၆**

ဗလင်စီယာအသင်းသည် နည်းပြဘာရာဂျာကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး ရက်ပိုင်းအတွင်း ဝက်စ်ဘရွန်းအသင်း နည်းပြကော်ဘာရင်ကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

ဗလင်စီယာ အသင်းသည် ကော်ဘာရင်ကို ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းကို လာမည့် အမှတ်ပေးပွဲစဉ်တွင် တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

အသက် ၄၁ နှစ်ရှိ နည်းပြကော်ဘာရင်သည် ယခင်က ဗလင်စီယာလူငယ်အသင်းတွင် ကစားခဲ့ဖူးသူဖြစ်ပြီး နည်းပြလောကသို့ ရောက်ရှိခဲ့ပြီးနောက် လိဒ်ယူနိုက်တက်အသင်းတွင် နည်းပြဘိုင်ရယ်ဆာ လက်အောက်တွင် လက်ထောက်နည်းပြအဖြစ် သုံးနှစ်တာဝန်ယူခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင် ဟတ်ဒါဖီးလ်အသင်းကို နည်းပြအဖြစ် တာဝန်ယူခဲ့သည်။

ထို့နောက် ၎င်းသည် အိုလံပီယာကို့စ်အသင်းကိုလည်းကောင်း၊ ဝက်စ်ဘရွန်းအသင်းကို လည်းကောင်းတာဝန်ယူခဲ့ပြီး ဗလင်စီယာအသင်းသို့ နည်းပြအဖြစ် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

အသက် ၄၁ နှစ်ရှိ စပိန်လူမျိုး နည်းပြ ကော်ဘာရင်သည် ဝက်စ်ဘရွန်းအသင်းကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ပထမဆုံးဘောလုံးရာသီတွင် အဆင့်(၉)နေရာတွင်သာရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် အဆင့်(၅)နေရာထိ ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် နည်းပြကော်ဘာရင်သည် လာလီဂါအမှတ်ပေးပွဲ ၁၇ ပွဲတွင် နိုင်ပွဲနှစ်ပွဲသာရရှိထားသည့် ဗလင်စီယာအသင်းကို တန်းဆင်းဇုန်ဖိအားအောက်မှ လွတ်မြောက်အောင် စွမ်းဆောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နောက်ဆုံးရှစ်ပွဲဆက်တွင် တစ်ပွဲသာအနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယားကိုဦးဆောင်နေသည့် လီဗာပူးအသင်းနှင့်ရမှတ် ၁၂ မှတ်ကွာဟခဲ့ပြီးနောက် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ပြိုင်ဝင်ခွင့်ရရှိရန် ခက်ခဲနိုင်ကြောင်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့သည်။
- လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ခံစစ်ကစားသမားဗန်ဒိုက်က ၎င်းအနေဖြင့် ထိပ်တန်းအဆင့်ကစားသမားအဖြစ် နှစ်ပေါင်းများစွာဆက်လက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘာစီလိုနာအသင်းတွင် ကစားသမားမှတ်ပုံတင်ရန် ခက်ခဲနေသည့် အိုမိုအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ရန်စီစဉ်နေပြီး ၎င်း၏အေးဂျင့်ဖြစ်သူအနေဖြင့် မန်ယူအသင်းသို့ရောက်ခဲ့ကာ အပြောင်းအရွှေ့အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

ML

# MGM Macau Mastersတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို မီချဲလ်ချန်အသင်းဆွတ်ခူး



**မကာအို ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့် နယ်မြေတွင် ကျင်းပခဲ့သည့် MGM Macau Mastersတင်းနစ်ပြိုင်ပွဲတွင် အမေရိကန်တင်းနစ်ကစားသမား မီချဲလ်ချန် ဦးဆောင်သည့်အသင်းနှင့် တရုတ်တင်းနစ်မယ် လီနာ ဦးဆောင်သည့်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မီချဲလ်ချန်အသင်းက (၁၁-၆) ရလဒ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

မီချဲလ်ချန်အသင်းတွင် ချက်တင်းနစ်မယ် ကာရိုလိုင်းနား၊ ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်၊ အီတလီတင်းနစ်ကစားသမား မူဆက်တီတို့ပါဝင်ခဲ့ပြီး လီနာအသင်းတွင် တရုတ်တင်းနစ်မယ် ကျင်ယုဝမ်၊ နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် တရုတ်တင်းနစ်ကစားသမား ရှန်ဂျန်ချန်တို့ပါဝင်ခဲ့ကြသည်။

MGM Macau Mastersတင်းနစ်ပြိုင်ပွဲသည် ဖိတ်ခေါ်ဖလားပြိုင်ပွဲဖြစ်ပြီး တရုတ်တင်းနစ်ပရိသတ်များ နှစ်သက်သည့် ကမ္ဘာ့အဆင့်ကစားသမားများကို ရွေးချယ်ဖိတ်ကြားခဲ့ခြင်းလည်းဖြစ်သည်။

ကာရိုလိုင်းနားက "ဖိတ်ခေါ်ပြိုင်ပွဲပဲဖြစ်ဖြစ် ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲပဲဖြစ်ဖြစ် ယှဉ်ပြိုင်တဲ့ပြိုင်ပွဲအားလုံးမှာအနိုင်ရချင်ပါတယ်။ ဒါကြောင့် အကောင်းဆုံးကစားခဲ့ပါတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမတိုင်မီ အခုလိုပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာက ကောင်းပါတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်ပြီးသားဖြစ်သွားတယ်။ တရုတ်ပရိသတ်တွေရဲ့ အားပေးမှုက အံ့ဩစရာကောင်းပါတယ်။ မကာအိုမှာလာရောက်ယှဉ်ပြိုင်ရတာက ပျော်ရွှင်စရာကောင်းပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် အဲဗာတန်အသင်းနှင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မန်စီးတီးအသင်း နိုင်ပွဲဆက်လက်ပျောက်ဆုံး

**မန်ချက်စတာ ဒီဇင်ဘာ ၂၆**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် မန်စီးတီးအသင်းနှင့် အဲဗာတန်အသင်းတို့ မန်စီးတီးအသင်းအိမ်ကွင်း အီတီဟတ်တွင် ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မန်စီးတီးအသင်းအနေဖြင့် နိုင်ပွဲဆက်လက်ပျောက်ဆုံးလျက်ရှိနေကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် နိုင်ပွဲလိုအပ်ချက်များရှိနေသည့် မန်စီးတီးအသင်းက အိမ်ကွင်းတွင် အဲဗာတန်အသင်းကို ပွဲချိန်တစ်လျှောက်လုံးဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၄ မိနစ်တွင် ဒိုကူ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘာနာဒိုဆေးဗားလ်က မန်စီးတီးအသင်းအတွက်ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၆ မိနစ်တွင် အန်ဒီယာယီက အဲဗာတန်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အိမ်ရှင်မန်စီးတီးအသင်းကပင် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းချက်အသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၃ မိနစ်တွင် မန်စီးတီးအသင်း ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဟာလန်းကန်သွင်းခဲ့ရာ လွဲချော်ခဲ့သောကြောင့် မန်စီးတီးအသင်းအတွက် နစ်နာခဲ့ရသည်။

ဆက်လက်ပြီး လက်ကျန်ပွဲချိန်များတွင် မန်စီးတီးအသင်းက ဂိုးသွင်းခွင့်အများအပြားရရှိခဲ့သော်လည်း အဲဗာတန်အသင်းက ခံစစ်ပိုင်းကို သေချာအားပြုကစားခဲ့မှုကြောင့် မန်စီးတီးအသင်းအနေဖြင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

မန်စီးတီးအသင်းသည် အောက်တိုဘာလက ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၃ ပွဲတွင်တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး သုံးပွဲသရေလဒ်နှင့်ကိုးပွဲထိ ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် မိနစ် ၉၀ နောက်ပိုင်း အနိုင်ဂိုးသွင်းယူမှု အများဆုံးကစားသမားအဖြစ် မက်ဆီကိုကျော်ဖြတ်ကာ ဆိုလော့ စံချိန်တင်

**မက်ဒရစ် ဒီဇင်ဘာ ၂၆**

အေတီကိုအသင်း တိုက်စစ်ကစားသမား ဆိုလော့သည် စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲချိန် မိနစ် ၉၀ နောက်ပိုင်း အချိန်ပိုတွင် အနိုင်ဂိုးသွင်းယူနိုင်မှုအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ဘာစီလိုနာအသင်းကစားသမားဟောင်း မက်ဆီ၏ စံချိန်တစ်ရပ်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

စပိန်လာလီဂါ ပွဲစဉ်အဖြစ် ကစားခဲ့သည့် အေတီကိုအသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အေတီကိုအသင်း တိုက်စစ်ကစားသမား ဆိုလော့သည် ပွဲချိန် ၇၃ မိနစ်တွင် လော်ရန်တေး၏နေရာ၌ လူစားဝင်ကစားခဲ့ပြီးနောက် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ခြောက်မိနစ်တွင် အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် စံချိန်ကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက စပိန်လာလီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ပွဲချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပိုတွင် အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်မှုအများဆုံးကစားသမားအဖြစ် မက်ဆီနှင့် ဆိုလော့တို့သည် လေးကြိမ်စီနှင့်ပူးတွဲရပ်တည်နေသော်လည်း ဆိုလော့က ဘာစီလိုနာအသင်းနှင့် ပွဲစဉ်တွင် ပွဲချိန် ၉၆ မိနစ်၌ အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မက်ဆီကို ကျော်ဖြတ်ပြီး စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲချိန် မိနစ် ၉၀ အပြီး အချိန်ပိုတွင် အနိုင်ဂိုးသွင်းယူမှုအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလက ဗီလာရီးရဲလ်အသင်းမှ အေတီကိုအသင်းသို့ပြောင်းရွှေ့ကစားခဲ့သည့် ဆိုလော့သည် ယခုနှစ်ဘောလုံးရာသီတွင် အေတီကိုအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ပွဲစဉ်အများစုကို လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသော်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၅ ပွဲပါဝင်ကစားခဲ့ရာ ရှစ်ဂိုးသွင်းယူထားနိုင်ခဲ့ကြောင်း သိရသည်။




Ref : Fotmob

Trs : STA

# နှစ်ဟောင်းကို ပြန်လည်သုံးသပ်ကြည့်ရာတွင်

မောင်သောင်းဝင်း(တမန်ဟောင်း)

မကြာမီ ၂၀၂၄ ခုနှစ် ကုန်ဆုံးတော့မည်ဖြစ်သည်။ အချိန်ကုန်ဆုံးမှုသည်မြန်ဆန်လွန်းလှသည်။ တစ်နှစ်ဆိုသောအချိန်အတွင်း ပြောင်းလဲတိုးတက်မှုဖော်ဆောင်နိုင်သူများရှိသကဲ့သို့ မည်သည့်အရာကိုမျှ မည်မည်ရရ လုပ်ဆောင်နိုင်ခြင်းမရှိသူများလည်း ရှိနေမည်ဖြစ်သည်။

လူတစ်ဦးချင်းစီသည် နှစ်ဟောင်းတွင် အတက်အကျ၊ အလှည့်အပြောင်းများစွာကို ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ အောင်မြင်မှုရရှိခဲ့ကြသူများရှိသကဲ့သို့ ကျရှုံးမှုကို ရင်ဆိုင်ခဲ့ရသူများလည်း ရှိနေကြမည်ဖြစ်သည်။ အမှန်တော့ မိမိတို့ကိုယ်တိုင် စိုက်ပျိုးခဲ့သည့် အပင်ကိုသာ ရိတ်သိမ်းခဲ့ကြရသည်မဟုတ်ပါလား။ လူ့သက်တမ်းသည် တိုတောင်းလွန်းလှသည်။ ထိုသို့ တိုတောင်းလှသောကာလအတွင်း အဓိပ္ပာယ်ရှိသော အလုပ်များကို နေ့စဉ်ပြုလုပ်၍ မိမိဘဝကို တန်ဖိုးရှိအောင် တည်ဆောက်သွားသင့်သည်။

**နှစ်ဟောင်းတွင် ကြုံတွေ့ခဲ့ရ**

လူတိုင်းသည် နှစ်ဟောင်းတွင် အောင်မြင်မှုနှင့် ကျရှုံးမှု နှစ်မျိုးစလုံး ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်သူများ၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးအားထုတ်ကြိုးပမ်းသူများ၊ ခွဲ၊ လုံ့လ၊ ဝီရိယ ရှိသူများသည် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုရရှိခဲ့မည်မှာ အမှန်ပင်ဖြစ်သည်။ အချိန်ဖြုန်းသူများ၊ ပျင်းရိသူများ၊ ရည်မှန်းချက်ပျောက်ဆုံးနေကြသူများ၊ မိဘပစ္စည်းကို ဖြုန်းတီးနေကြသူများ၊ အချိန်ပြည့် လက်ဖက်ရည်ဆိုင်ထိုင်နေကြသူများ၊ လောင်းကစားလုပ်နေသူများသည် မည်သည့် အောင်မြင်မှုကိုမျှမရရှိနိုင်ဘဲ အသက်တစ်နှစ်သာ ကြီးသွားကြမည်ဖြစ်သည်။

**စစ်မှန်သောအောင်မြင်မှုဆိုသည်မှာ**

လူသားတို့သည် အောင်မြင်မှုကို ယေဘုယျအားဖြင့် ငွေကြေး၊ ရာထူးတို့ဖြင့် တိုင်းတာကြသည်။ ထိုအရာများသည် စစ်မှန်သောအောင်မြင်မှုဟု မဆိုနိုင်ချေ။ စစ်မှန်သောအောင်မြင်မှုသည် လွန်ခဲ့သော တစ်နှစ်အတွင်း မိမိ၏ လောဘ၊ ဒေါသ၊ မောဟများကို မည်မျှလျှော့ချနိုင်ခဲ့သည်ဆိုသောအချက်ပေါ်တွင်သာ မူတည်သည်။ နောက်တစ်ချက်သည် လွန်ခဲ့သောနှစ်အတွင်း ဆေးရုံ၊ ဆေးခန်းမသွားရဘဲ ကျန်းမာရေးဒေါင်ဒေါင်မြည်အောင် ကောင်းမွန်ခဲ့မည်ဆိုလျှင် အောင်မြင်မှုရရှိသူဖြစ်သည်။ ထို့ထက် အောင်မြင်မှုရရှိသူသည် အများအကျိုးကို သယ်ပိုးနိုင်ခဲ့သူဖြစ်သည်။

လွန်ခဲ့သောနှစ်အတွင်း တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့မည်ဆိုလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်သည်။ အမှန်စင်စစ်မှာမူ အများအကျိုး မည်မျှသယ်ပိုးဆောင်ရွက်နိုင်သည့် အပေါ်မူတည်၍ လူတစ်ဦး၏ အောင်မြင်မှုကို တိုင်းတာနိုင်သည်။

**လက်တွေ့ကျကျ ကြိုးပမ်းရန်လို**

လူတစ်ဦးသည် စားဝတ်နေရေးအပြင် ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်ကဏ္ဍစုံလင်စွာတွင် ဆောင်ရွက်ဖွယ်ရာများ မြောက်မြားစွာရှိနေသည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်သည် ကိုယ်စီခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများပေါ်တွင်သာ မူတည်နေသည်။ လူတစ်ဦးသည် နှစ်ဟောင်းတွင် မိမိ၏မိသားစုနှင့် လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကို အနည်းအကျဉ်းမျှ ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိလျှင် ထိုသူသည် တိုင်းပြည်နှင့်လူမျိုးအတွက် လူပိုတစ်ဦးသာဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် လူ့လောကတွင် လူပိုတစ်ဦးကဲ့သို့ဖြစ်မနေစေရန် နှစ်သစ်အတွက် စိတ်ကူးအိပ်မက်သစ်များ ချမှတ်ထားသင့်သည်။ ထိုစိတ်ကူးမျှော်မှန်းချက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် နှစ်သစ်မှစ၍ လက်တွေ့ကျကျ ကြိုးပမ်းသွားရန်လိုအပ်သည်။

**❖အမှန်တော့ နိုင်ငံတစ်နိုင်ငံတိုးတက်မှုသည် ထိုနိုင်ငံရှိ နိုင်ငံသား တစ်ဦးချင်းစီ၏ ကြိုးပမ်းအားထုတ်နိုင်မှု၊ ပညာတတ်မြောက်မှုနှင့် အချိန်ကို တန်ဖိုးရှိစွာအသုံးချနိုင်ခဲ့မှုအပေါ်တွင်သာ မူတည်နေမည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပျော်ရွှင်ချမ်းမြေ့မှုကို အမှန်တကယ် တည်ဆောက်နိုင်ခဲ့သလား၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စိတ်အေးလက်အေးလုပ်ကိုင် စားသောက်နေထိုင်နိုင်ခဲ့သလား၊ မိမိတို့မျိုးဆက်များ၏ ပညာရေးကို အဆင့်မြှင့်တင်နိုင်ခဲ့သလား၊ မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံအကျိုး ကို မည်မျှလုပ်ဆောင်နိုင်ခဲ့သလဲဆိုသည်ကို ပြန်လည်သုံးသပ်ကြည့် သင့်ပေသည်။ ❖**

**ပြန်လည်သုံးသပ်ကြည့်ရာတွင်**

စာရေးသူကိုယ်တိုင်လည်း လွန်ခဲ့သောနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်မိသည်။ အညာကျေးလက်ဒေသရှိ အသက် ၉၀ အရွယ် မိဘနှစ်ပါးကို ချွေးနဲ့စာထဲမှ လစဉ်ပံ့ပိုးပေးနိုင်ခဲ့သဖြင့် များစွာပီတိဖြစ်ရသည်။ ထိုသို့ ပံ့ပိုးခွင့်ရရှိသည်မှာ ဆယ်စုနှစ် နှစ်ခုခန့်ပင် ရှိနေပြီဖြစ်သည်။ အမှန်တော့ ကျေးဇူးရှင်မိဘနှစ်ပါးသည် ကျန်းမာသက်ရှည်သော ကြောင့် ကျေးဇူးဆပ်ခွင့်ရရှိနေခြင်းဖြစ်သည်။ စာရေးသူတို့၏ပံ့ပိုးမှုသည် မိဘများ၏ကျေးဇူးနှင့်နှိုင်းယှဉ်လျှင် မြင်းမိုရ်တောင်နှင့်ဆီးစေ့လောက် ကွာခြားလျက်ရှိသည်။ တချို့ဆိုလျှင် ဓနငွေကြေးပြည့်စုံသော်လည်း မိဘများမရှိတော့သဖြင့် ကျေးဇူးဆပ်ခွင့်မရရှိကြပေ။

ထို့ပြင် စာရေးသူ၏ ပြည်သူ့အကျိုးပြုဆောင်းပါးတချို့ကို နိုင်ငံပိုင်သတင်းစာများတွင် အခါအားလျော်စွာ ဖော်ပြခံရသဖြင့် ကြည်နူးမိသည်။ အထူးသဖြင့် နေ့ထူးနေ့မြတ်များဖြစ်သော လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အမျိုးသားအောင်ပွဲနေ့တို့အတွက် အထိမ်းအမှတ်ဆောင်းပါးများကိုလည်း ရေးသားတင်ပြခွင့်ရရှိခဲ့သည်။ အကျိုးပြုစာပေများရေးသားခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုးကို အတိုင်းအတာတစ်ခုထိ အကျိုးပြုနိုင်ခဲ့သဖြင့် ပီတိအကြိမ်ကြိမ်ဖြစ်ရသည်။

ထို့ပြင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်တွင် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများကိုလည်း (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ(အင်္ဂလိပ်၊ မြန်မာ)အတွက် ပြိုင်ပွဲဝင်စာတမ်းများ ရေးသားပြုစုပေးနိုင်ခဲ့သဖြင့် ဝမ်းမြောက်ပီတိဖြစ်ရသည်။ ထို့ကြောင့် ကိုယ်ကျိုးမဖက်ဘဲ ပရဟိတလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသူများဆိုလျှင် မည်မျှစိတ်ချမ်းသာလိုက်ကြမည်နည်း။

**စစ်မှန်သောကြိုဆိုမှုဖြစ်စေလို**

နှစ်သစ်ကြိုဆိုပွဲတော်(Myanmar Countdown 2025)ကို ကျင်းပသွားရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သတင်းစာများတွင် ဖတ်ရှုလိုက်မိသည်။ ဆိုရလျှင် အနောက်တိုင်းယဉ်ကျေးမှုကို မွေးစားပြီး တိကျရေရာသည့်ရည်ရွယ်ချက်နှင့် ရည်မှန်းချက်မရှိဘဲ သောက်စားပျော်ပါး မူးယစ်ရမ်းကား အော်ဟစ်ကာ နှစ်သစ်ကြိုဆိုမှု(New Year Countdown) သာလုပ်နေမည်ဆိုလျှင် အသက်တစ်နှစ်သာ ကြီးသွားမည်ဖြစ်သည်။ စစ်မှန်သော အောင်မြင်မှု၊ ပျော်ရွှင်ချမ်းမြေ့မှုတို့နှင့် အလှမ်းကွာဝေးနေဦးမည်သာဖြစ်သည်။

စင်စစ်အားဖြင့် လူတစ်ဦးသည် နှစ်သစ်တွင် လုပ်ဆောင်သွားမည့်အရာများ၊ စိတ်ကူးအိပ်မက်များ တစ်နည်းအားဖြင့်ဆိုရလျှင် နှစ်သစ်သန္နိဋ္ဌာန် ချမှတ်သွားသင့်ပေသည်။ အခက်အခဲအကျပ်အတည်းများကို အခိုက်အတန့်မေ့ပျောက်စေရန် အနှစ်မပါသောပျော်ရွှင်မှုများဖြင့် ဖြတ်သန်းနေမည်ဆိုလျှင် နှစ်သစ်ကို စစ်မှန်စွာကြိုဆိုနိုင်မည်မဟုတ်ချေ။ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် နှစ်ဟောင်းတွင် မိမိနှင့် မိမိအသိုက်အဝန်းအတွက် တိုးတက်မှုဖော်ဆောင်နိုင်ခဲ့ခြင်း ရှိ၊ မရှိသည် ကိုယ်စီကြိုးပမ်းမှုပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။

အမှန်တော့ နိုင်ငံတစ်နိုင်ငံတိုးတက်မှုသည် ထိုနိုင်ငံရှိ နိုင်ငံသားတစ်ဦးချင်းစီ၏ ကြိုးပမ်းအားထုတ်နိုင်မှု၊ ပညာတတ်မြောက်မှုနှင့် အချိန်ကိုတန်ဖိုးရှိစွာအသုံးချနိုင်ခဲ့မှုအပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပျော်ရွှင်ချမ်းမြေ့မှုကို အမှန်တကယ် တည်ဆောက်နိုင်ခဲ့သလား၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စိတ်အေးလက်အေးလုပ်ကိုင်စားသောက်နေထိုင်နိုင်ခဲ့သလား၊ မိမိတို့မျိုးဆက်များ၏ပညာရေးကို အဆင့်မြှင့်တင်နိုင်ခဲ့သလား၊ မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံအကျိုးကို မည်မျှလုပ်ဆောင်နိုင်ခဲ့သလဲဆိုသည်ကို ပြန်လည်သုံးသပ်ကြည့်သင့်ပေသည်။

ဆိုရလျှင် မကြာမီ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာများဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစုနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် နှစ်ဟောင်းတွင် ဆောင်ရွက်ခဲ့မှုများကို အပြန်ပြန်အလှန်လှန်သုံးသပ်၍ နှစ်သစ်အတွက် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် ကြိုတင်ပြင်ဆင်ထားနိုင်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# သာပေါင်းမြို့နယ် နှောင်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သာပေါင်း ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နှောင်ကုန်းကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နှောင်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က တာဝန်ယူဆောင်ရွက်နေသည့် 9 Elephant Group ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အဆိုပါ လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း ဆွေးနွေးမှာကြားသည်။

နှောင်ကုန်းကျေးရွာ၌ လမ်းအရှည် ၂ ဒသမ ၆၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားလမ်းခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၈ သန်းဖြင့် 9 Elephant Group ကုမ္ပဏီက ယခုနှစ် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ပြီးစီးပါက နှောင်ကုန်းကျေးရွာရှိ ပြည်သူများ၏ လယ်ယာမြေများမှ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်မီအလွယ်တကူ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်ထံမှ သိရသည်။

နွဲ့ယဉ်

# အမျိုးကိုချစ်ပါ ရုပ်ရှင်ဇာတ်ကား Red Carpet Show အခမ်းအနား ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၆

ဒီဇင်ဘာ ၂၇ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် အမျိုးကိုချစ်ပါ ရုပ်ရှင်ဇာတ်ကား Red Carpet Show ကို ဒီဇင်ဘာ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် တိုင်ရွှန်းက ပြောပြ၍ သိရသည်။

အဆိုပါ အမျိုးကိုချစ်ပါ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မောင်သူရ (ဇဂနာ) က ရေးသားထားပြီး ရိုက်ကွင်းဇာတ်ညွှန်းကို ညာလက်တော်နှင့် မင်းကိုစိုး (နတ်သံကွင်း) တို့က ရေးထားပြီး ဒါရိုက်တာ မီးပွားနှင့် တွဲဖက်ဒါရိုက်တာ အောင်ကျော်သန့်တို့က မာတာမိခင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသဇာတ်မြူး ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က အမျိုးကိုချစ်ပါ ရုပ်ရှင်ဇာတ်ကားမှာ ကာရိုက်တာနာမည်က အောင်မျိုးပါ။ ဒီကားက ဦးမီးပွားရဲ့ ဟာသအနေနဲ့ ရိုက်တဲ့ကားပါ။ ဦးမီးပွား ဟာသကားပြန်ရိုက်ချိန်မှာ ကျွန်တော့်ကို ယုံကြည်စွာနဲ့ သရုပ်ဆောင်ခွင့်ပေးလို့ ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေအနေနဲ့ ဒီဇာတ်ကားက ရယ်ရပြုံးရတယ်ဆိုရင် ကျေနပ်ပါတယ်။ ထက်ထက်ထွန်းနဲ့ အချိတ်အဆက်မိမိ သေချာရိုက်ကူးထားပါတယ်" ဟု သရုပ်ဆောင် တိုင်ရွှန်းက ပြောပြသည်။

အမျိုးကိုချစ်ပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရွှန်း၊ အရိုင်း၊ ခင်လှိုင်၊ စိုးမြတ်သူဇာ၊ ထက်ထက်ထွန်း၊ မိုးခမ်း၊ လင်းလင်း၊ သံသာညီ၊ မျိုးသန္တာဇော်၊ မိုးပြည့်သက်ခြယ်နှင့် အထူးဧည့်သည် သရုပ်ဆောင်များအဖြစ် ရဲကိုကို၊ ကျော်ရဲအောင်၊ လွင်မိုး၊ နေဆန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ဒစ္စနီး၏ Treasure Island ဇာတ်ကားကို တေလာနီဆင်နှင့်မိုက်ကယ်ရှဝ့်တို့ ပူးတွဲရိုက်ကူးမည်

နယူးယောက် ဒီဇင်ဘာ ၂၆

Treasure Island ဇာတ်ကား ပုံစံသစ်ကို ပူးတွဲဒါရိုက်တာ တေလာနီဆင်နှင့် မိုက်ကယ်ရှဝ့်တို့က ပူးတွဲရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

တေလာနီဆင်နှင့် မိုက်ကယ်ရှဝ့်တို့သည် နာမည်ကျော် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သည့် The Peanut Butter Falcon ဇာတ်ကားကိုလည်း ပူးတွဲရိုက်ကူးခဲ့ကြသည်။

လက်ရှိအချိန်တွင် တေလာနီဆင်နှင့် မိုက်ကယ်ရှဝ့်တို့သည် Treasure Island ဇာတ်ကား ရိုက်ကူးရေး လုပ်ငန်းအတွက် ပြင်ဆင်နေပြီဖြစ်သည်။

Treasure Island ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို စကော့တလန် စာရေးဆရာ ရောဘတ်လူးဝစ်စတီဗင်ဆင်၏ Treasure Island ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက Treasure Island ဝတ္ထုကို ၁၉၅၀ ပြည့်နှစ်တွင် ရုပ်ရှင်ဇာတ်ကားအဖြစ်လည်း ရိုက်ကူးခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# နေပြည်တော် Myanmar Countdown 2025 ပွဲတော်တွင် တင်မောင်ဆန်းမင်းဝင်း စီစဉ်သည့် သဘင်အကနှင့်လှမည့်ည ဖျော်ဖြေမှုပါဝင်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပမည့် Myanmar Countdown 2025 ပွဲတော်တွင် တင်မောင်ဆန်းမင်းဝင်း စီစဉ်သည့် သဘင်အကနှင့်လှမည့်ည မြန်မာ့ရိုးရာသဘင်ဖျော်ဖြေမှုအစီအစဉ် ပါဝင်မည်ဖြစ်ကြောင်း သဘင်မင်းသားကြီး တင်မောင်ဆန်းမင်းဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ Myanmar Countdown 2025 ပွဲတော်ကို ဒီဇင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ သုံးရက်ကြာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

"Myanmar Countdown 2025 ပွဲတော်နဲ့ နှစ်သစ်ကို ကြိုဆိုသွားမယ့်အထဲမှာ လူကြီး၊ လူငယ်မရွေး အားလုံးအတွက် မြန်မာ့ရိုးရာ သဘင်ကိုလဲ ထည့်သွင်းပေးထားခဲ့ပါတယ်။ မြန်မာ့ရိုးရာ သဘင်ပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက် တစ်ရက်တည်း ဖျော်ဖြေပေးသွားမှာမို့လို့ နှစ်သစ်ကိုကြိုဆိုကြမဲ့ Countdown ပွဲတော်မှာ သဘင်ရဲ့ အလှအပတွေကို တသောသောခံစားရင်း ဖြတ်သန်းသွားချင်တယ်ဆိုရင် ၃၀ ရက် ည Myanmar Countdown ပွဲကြီးမှာ တွေ့ကြမယ်နော်"ဟု သဘင်မင်းသားကြီး တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။




အဆိုပါပွဲတွင် သဘင်မင်းသားများ ဖြစ်ကြသည့် တင်မောင်ဆန်းမင်းဝင်း၊ ဘွန်း၊ ဖူးချစ်၊ ဆန်းနေအောင်၊ သီဟလှိုင်၊ မိုးထက်အောင်၊ သက်ပိုင်မင်း၊ သဘင်မင်းသမီးများ ဖြစ်ကြသည့် နန်းခင်မွေး၊ ဆန်းရွှေစင်၊ ချမ်းချမ်းမိုး၊ အေးသန္တာဖို၊ မြတ်နိုးခင်၊ ယွန်းသံစဉ်၊ အားရှိလင်းလက်အောင် စသည်တို့ ပါဝင်ကပြဖျော်ဖြေ တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Homewreckers ဇာတ်ကားမူပိုင်ခွင့် Legendary ရုပ်ရှင်ကုမ္ပဏီ ရရှိ

နယူးယောက် ဒီဇင်ဘာ ၂၆

Homewreckers အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားအတွက် မူပိုင်ခွင့်ကို Legendary ရုပ်ရှင်ကုမ္ပဏီက ရရှိထားကြောင်း ဒီဇင်ဘာ ၂၅ ရက်သတင်းများအရ သိရသည်။

Homewreckers ဇာတ်ကား မူပိုင်ခွင့်ရယူရေးအတွက် သုံးစွဲထားရသည့် ငွေကြေးပမာဏကို Legendary က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

Homewreckers ဇာတ်ကားသည် လျှို့ဝှက်သည်းဖို သိပ္ပံဇာတ်ကားတစ်ကား ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားတွင် မင်းသား ဂလင်းပါဝဲလ် အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Homewreckers ဇာတ်ကားကို စာရေးဆရာ နီအမ်ဝိတ်၏ ပုံနှိပ်ထုတ်ဝေခြင်းမရှိသေးသော ဝတ္ထုတိုတစ်ပုဒ်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် ၎င်းဇာတ်ကားအား တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Legendary က ထုတ်ဖော်ပြောကြားထားခြင်း မရှိသေး ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ၁၄ ကြိမ်မြောက် သက်ကြီးဂီတပညာရှင်ကြီးများကို ပူဇော်ကန်တော့ပွဲ ကျင်းပသွားမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အစီအစဉ်ဖြင့် ၁၄ ကြိမ်မြောက် သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ် ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ကျင်းပမည့် သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲမှာ ၁၄ ကြိမ်သို့တိုင် ရောက်ရှိခဲ့ပြီဖြစ်ပြီး သက်ကြီးဂီတပညာရှင် ဦးရေ ၁၂၀ ခန့်ကို ပူဇော်ကန်တော့သွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကတော့ ၁၄ ကြိမ်မြောက် ပူဇော်ကန်တော့မှာ ဖြစ်ပါတယ်။ လာမဲ့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ အတွင်းမှာ ကန်တော့ပွဲကျင်းပ ပြုလုပ်သွားမှာပါ။ မဟာဂီတ၊ ကာလပေါ်၊ စတူဒီယို၊ စက်မှုနဲ့ ထုတ်လုပ်အလွှာက သက်ကြီးဂီတပညာရှင်ကြီးတွေကို ကန်တော့မှာ ဖြစ်ပါတယ်။ ကန်တော့ပွဲအခမ်းအနားကို မလာရောက်နိုင်တဲ့ သက်ကြီး ဂီတပညာရှင်ကြီးတွေကို အိမ်တိုင်ရာရောက် သွားရောက်ကန်တော့မှာဖြစ်ပါတယ်။ နေရာအနေနဲ့ တာမွေက စက်ကိုင်းစတားဟိုတယ်ကို လျာထားပါတယ်"ဟု ဦးလွင်မြင့်က ပြောပြသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)အနေဖြင့် ဂီတပညာရှင်များကို မဟာဂီတအလွှာ၊ ကာလပေါ်ဂီတအလွှာ၊ စတူဒီယိုအလွှာ၊ စက်မှုနှင့် ထုတ်လုပ်အလွှာများအဖြစ် သတ်မှတ်ထားပြီး အလွှာအသီးသီးမှ တေးရေး၊ တေးဆို၊ တီးခတ်၊ အသံသွင်း၊ စက်မှုဆိုင်ရာ ဂီတ ပညာရှင်ကြီးများအနက် အသက် ၇၅ နှစ်နှင့်အထက် ပညာရှင်ကြီးများကို အနုပညာဆောင်ရွက်ခဲ့မှုများအပေါ် အခြေခံကာ ရွေးချယ်ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Merchants from Nyaungdon Township sell corns to Yangon market


Corns being sorted out before their shipment to Yangon.

**Nyaungdon December 26**

Local merchants from Nyaungdon Township of Ayeyawady Region have sent 95,000 pieces of corns to Yangon market in November, said Daw Phyu Phyu Win, the owner of agricultural produce trading commodity in Nyaungdon Township.

They could sell 65,000 pieces of corns to Yangon market in October but 95,000 pieces of corns in November.

Daw Phyu Phyu Win said: "We sold 95,000 pieces of corns to Yangon market. Demand from merchants in Yangon market is higher. Consequently, local labourers and those in production chain are convenient in their livelihoods. Corns from Nyaungdon Township are high quality."

Brokers from agricultural produce commodities in Nyaungdon Township purchase corns and supply them to Yangon market with the use of trucks. The domestic corns are free from pests. Corns fetch K290,000 to K340,000 per 1,000 pieces of corns in the market.

Kyaw Kyaw Lin

# Bogale Township ships 75,000 baskets of paddy to Yangon market in November

**Bogale December 26**

Local merchants and farmers from Bogale Township of Ayeyawady Region sent 75,000 baskets of 75-day matured paddy to Yangon market in November, said Daw Ei Ei Khaing, the owner of agricultural produce trading commodity in Bogale Township.

They sold 53,000 baskets of 75-day matured paddy to Yangon in October, compared to 75,000 baskets in November.

Daw Ei Ei Khaing commented: "Merchants from Bogale Township sold 75,000 baskets of paddy to Yangon market. Local merchants emphasize sale of paddy and other agricultural produce to Yangon market only. Moreover, demand from Yangon market is higher during the period. In addition, prices of paddy are higher. As such, merchants from Yangon market connect with local farmers to purchase paddy from Bogale Township."

In Yangon market, paddy sent by Bogale Township fetched K199,500 per 100 baskets in September. Higher prices of paddy can improve socioeconomic life of local farmers and those in production change of paddy in Bogale Township.

Kyaw Kyaw Lin


Photo shows a pile of newly harvested paddy.

# More than 1,000 acres of black gram harvested in Shwebo District

**Shwebo December 26**

Statistics of Shwebo District Agriculture Department mentioned that a total of 1,012 acres of black gram has been harvested in Shwebo District of Sagaing Region.

Local farmers planted 1,012 acres of black gram this monsoon. They started harvesting of the bean in August 2024. So far, Shwebo Township harvested 967 acres of black gram and Kyaukmyaung 45 acres, totalling 1,012 acres, yielding 18.49 baskets per acre.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department, explained: "Farmers planted 1,012 acres of black gram in monsoon. Now, they have harvested all sown acreage of black gram. Our department helped them meet the target cultivation with necessary agricultural technologies and prevention of pests."

This year, officials of relevant Township Agriculture Department raised farmer awareness to choose quality strains of black gram suitable for the regions, use agricultural techniques, fertilizers and pesticides for boosting per-acre yield of crops.

Moreover, officials of relevant township Agriculture Departments cooperate with local farmers in selecting quality strains of seeds, using agricultural inputs and applying post-harvest technology for boosting per-acre yield of black gram and keeping them under shelter in time.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kalay Township grows over 2,000 acres of winter chickpeas

**Kalay December 26**

A total of 2,518 acres of chickpeas have been planted in this year winter crops planting season in Kalay Township, Kalay District, Sagaing Region, according to statistics from the Department of Agriculture for Kalay Township

During the 2024-2025 winter s planting season, 5,952 acres of chickpeas are planned to be planted in Kalay Township, and since October this year, 2,518 acres have been planted.

"We are working to reach the target acreage. The cultivation of chickpeas is improving year by year. We are cooperating with the farmers to provide good and pure seeds needed for the yield and quality of the bean and pulses, inputs and technology after the harvest time," said U Naing Tun Win, head of the Department of Agriculture for Kalay Township.

If one acre of chickpeas is grown, it will cost more than 300,000 kyats.

Sagaing Region is the region that produces the largest number of bean and pulses in the country, and it is possible to grow multiple bean and pulses as the main crop as well as subsidiary crops.

206


A winter chickpea plantation.

# Mawlaik District completes cultivation of canola and niger this winter


A thriving canola plantation.

**Mawlaik December 26**

According to Mawlaik District Agriculture Department, farmers have planted canola and niger on 6,174 acres of croplands in Mawlaik District of Sagaing Region this year.

In 2024-25 winter, authorities earmarked cultivation of 6,256 acres of canola and niger in the district but farmers planted 6,174 acres of these crops starting from October.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department unveiled: "Our district grows niger and canola yearly. These crops can be extracted as oil as well as traditional medicines. This cold season, local authorities earmarked cultivation of 6,256 acres of niger and canola in Mawlaik District. So far, local farmers have planted 6,174 acres of these crops. They continue cultivation of crops to meet the target cultivation."

This year, Mawlaik Township planted 455 acres of canola and 1,599 acres of niger while Phaungpyin Township cultivated 1,992 acres of canola and 2,128 acres of niger, totalling 6,174.

In 2024-25 winter, Mawlaik Township earmarked 464 acres of canola and 1,629 acres of niger whereas Phaungpyin Township 1,992 acres of canola and 2,171 acres of niger, totalling 6,256 acres.

Local farmers of Mawlaik Township grow canola and niger yearly. In Sagaing Region, Katha and Kawlin districts grow large sown acres of canola and niger.

206

# Ethiopia introduces incentives to speed up transition to electric mobility

**Addis Ababa December 26**

The Ethiopian government has introduced various incentives to encourage the expansion of electric vehicles (EVs), with an ambitious goal of accelerating the country's transition to electric mobility.

The Ministry of Transport and Logistics, in a statement issued Wednesday, said a draft national strategy for the expansion of EVs has been developed. It is expected to be implemented shortly, after incorporating inputs from relevant stakeholders and eventual approval.

Bareo Hassen, the state minister of transport and logistics, said the government is trying to create a favorable environment for domestic and foreign companies to engage in the import, production and assembly of EVs in the East African country.

The expansion of EVs and infrastructure is one of the primary initiatives to establish a sustainable and environmentally friendly transportation system, he said, calling for the meaningful participation of relevant stakeholders in this endeavor.

As part of the government's push for a transition to electric mobility, more than 100,000 EVs are on the road across Ethiopia, which aims to have up to 500,000 EVs in the coming 10 years, replacing the majority of cars powered by fossil fuels. Xinhua

# Khamti Township finishes cultivation of peanut on more than 1,600 acres of croplands

**Khamti December 26**

According to Khamti Township Department of Agriculture, local farmers have grown 1,605 acres of peanut as a cold season crop in Khamti Township of Sagaing Region.

Stating from October, local farmers planted peanut on 1,605 acres exceeding the target of 750 acres of crops in the township in 2024-25 cold season.

Daw Su Su Khaing, Head of Khamti Township Agriculture Department stated: Local authorities earmarked cultivation of 750 acres of peanut in Khamti Township this cold season. But farmers have planted 1,605 acres of peanut exceeding the target cultivation. Now, peanut plantations are thriving in the farms. Local farmers do not grow peanut in monsoon but in cold season."

Farmers need to use 1.5 baskets of peanut seas per acre in cultivation. They cost more than K200,000 per acre for quality seeds, labour charges, fertilizers and pesticides. Each acre of crop yields more than 50 baskets of peanut.

This year, officials of the Township Agriculture Deparment helped local farmers thrive crops, prevent pests and weed crop plantations on their field trips.

206


A thriving peanut plantation.

# Feature: A "made" nation -- U.S. century-long control over Panama

**Panama City December 26**

Panama's President Jose Raul Mulino on Sunday dismissed recent threats made by U.S. President-elect Donald Trump to retake control of the Panama Canal, reaffirming that "the sovereignty and independence" of Panama are not "negotiable."

"I want to express precisely that every square meter of the Panama Canal and its adjacent area belong to Panama, and will continue belonging to Panama," Mulino posted on social X.

"Every Panamanian, here or anywhere in the world, carries it in their heart, and it is part of our history of struggle and irreversible conquest," he added.

In 2019, the U.S. documentary "Panama Canal" premiered. While the film showcases the canal's global significance, it skips a key chapter: U.S. intervention in Panama's secession from Colombia, which secured American control of the canal for nearly a century.

"To build the canal, the United States had helped Panama gain independence from Colombia, thereby dismembering a sister republic to secure a canal treaty that secured U.S. interests," Panamanian historian Marixa Lasso, wrote in her book "Erased: The Untold Story of the Panama Canal." Xinhua


A drone photo shows a cargo vessel sailing on the Panama Canal near Panama City, Panama, Aug. 28, 2024.

# More than 4,000 acres of lablab bean planted in Myinmu Township this cold season

**Myinmu December 26**

Local farmers have planted 4,808 acres of lablab bean in Myinmu Township of Sagaing Region this cold season, according to the statistics of Sagaing District Agriculture Department.

In 2024-25 cold season, Myinmu Township earmarked cultivation of 4,885 acres of lablab bean but farmers could plant 4,808 acres of the bean against the target cultivation.

Daw Thida Lwin, Head of Sagaing District Department of Agriculture clarified: "This year, local authorities set a plan to grow 4,885 acres of lablab bean in Myinmu Township. But, farmers planted 4,808 acres of beans. Our department helped local farmers with quality strains of crops, agricultural inputs and post-harvest technology to minimize loss and waste of the bean."

Officials of the Township Department of Agriculture encourage local farmers in growing lablab bean to expand sown acreage, boost per-acre yield, use GAP system and quality seeds of crops and grow high yield strains.

The corps planted in GAP system can have higher quality of crops, fetching higher prices and are able to be exported to foreign market. Due to higher quality of crops, local farmers can have better benefits.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Kalashnikov ကုမ္ပဏီအုပ်စုက ဝေဟင်ပစ် ပဲ့ထိန်းဒုံးကျည်များကို ပြည်တွင်း၊ ပြည်ပဖောက်သည်များထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့



ရုရှားနိုင်ငံ Kalashnikov ကုမ္ပဏီအုပ်စုသည် Vikhr-1 ဝေဟင်ပစ် ပဲ့ထိန်းဒုံးကျည်များကို ဝယ်ယူထားကြသည့် ပြည်တွင်း၊ ပြည်ပဖောက်သည်များထံ ၂၀၂၄ ခုနှစ်အတွက် အချိန်မီ အောင်မြင်စွာ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလွှဲပြောင်းမှုသည် အဆင့်မြင့်နည်းပညာအသုံးပြုထားသော ထုတ်လုပ်ရေးစက်ရုံသစ်များ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် သတ်မှတ်ထားသည့် အချိန်အတိုင်းအတာအတွင်း အောင်မြင်စွာ လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Kalashnikov ကုမ္ပဏီအုပ်စုအနေဖြင့် ဖောက်သည်များ၏လတ်တလောလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည့် အပြင် Vikhr-1 ဒုံးကျည်၏ အဆင့်မြင့်တင်ထားသော ဗားရှင်းသစ်ကိုလည်း မိတ်ဆက်ပြသနိုင်ခဲ့သည်။ တိုက်ပွဲဝင်စွမ်းဆောင်ရည်များ အဆင့်မြင့်မားကောင်းမွန်လာမည့် ဗားရှင်းသစ်ကို လက်ရှိတွင် ထုတ်လုပ်နေဆဲဖြစ်သော်လည်း သက်ဆိုင်ရာပြည်တွင်း၊ ပြည်ပဖောက်သည်နိုင်ငံများထံ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် Kalashnikov ကုမ္ပဏီအုပ်စုသည် Strela လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် လေယာဉ်ပစ်ပဲ့ထိန်းဒုံးကျည်များ ထုတ်လုပ်ရေးစက်ရုံသစ် နှစ်ရုံကို အပြီးသတ်အကောင်အထည်ဖော်နိုင်ခဲ့ပြီး ထုတ်လုပ်မှုလုပ်ငန်းများကို ယခုနှစ် ဒီဇင်ဘာလအတွင်း အပြည့်အဝ စတင်လည်ပတ်နိုင်တော့မည်ဖြစ်သည်။

Vikhr-1 ဒုံးကျည်သည် ရုရှားနိုင်ငံ KBP ဒီဇိုင်းဗျူရိုက ထုတ်လုပ်ထားသည့် 9K121 Vikhr ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်၏ အဆင့်မြှင့်တင်ထားသော ဗားရှင်းဖြစ်ပြီး Ka-50 နှင့် Ka-52 ကဲ့သို့သော တိုက်ခိုက်ရေး ရဟတ်ယာဉ်များအပြင် Su-25T ကဲ့သို့သော မြေပြင်တိုက်ခိုက်ရေးလေယာဉ်များက သယ်ဆောင်တိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ Vikhr-1 ဒုံးကျည်သည် သံချပ်ကာယာဉ်များ၊ ခံစစ်နေရာများ၊ ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်များနှင့်မောင်းသူမဲ့ လေယာဉ်များအပါအဝင် မြေပြင်နှင့် လေကြောင်းပစ်မှတ်များကို ကျယ်ပြန့်စွာ တိုက်ပွဲဝင်နိုင်ရန် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဆိုးရွားသောရာသီဥတု အခြေအနေများတွင်ပင် နေ့ရောညပါလုပ်ဆောင်နိုင်မှုသည် စစ်မြေပြင်တွင် အဖိုးတန်စွမ်းရည်တစ်ရပ် ဖြစ်လာစေခဲ့သည်။

ဒုံးကျည်တွင် နှစ်ဆင့်ကွဲဒုံးထိပ်ဖူးတစ်ခု တပ်ဆင်ထားပြီး ပုံသွင်းခဲယမ်းနှင့် အကွဲကွဲအပြားပြား ပြန့်ကျဲတိုက်ခိုက်နိုင်သည့် ခဲယမ်းတို့ပါဝင်ဖွဲ့စည်းထားကာ သံချပ်ကာ၊ လေကြောင်းနှင့် ရေပြင်အခြေစိုက် ပစ်မှတ်အမျိုးမျိုးကို တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ဤဖွဲ့စည်းပုံဒီဇိုင်းသည် ပစ်မှတ်တစ်မျိုးစီအတွက် လိုအပ်ချက်များအတိုင်း တုံ့ပြန်နိုင်ပြီး အခြားဒုံးကျည်များနှင့်ယှဉ်လျှင် ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်အသုံးပြုနိုင်စေမည်ဖြစ်သည်။ တိုက်ပွဲဝင်နိုင်မှုအကွာအဝေးမှာ မီတာ ၈၀၀ မှ ၁၀၀၀၀ ကြား၊ အမြင့် ၁၀ မီတာမှ မီတာ ၄၀၀၀၊ အမြင့်ဆုံးအလျင်နှုန်း Mach 1.8(တစ်စက္ကန့်လျှင် မီတာ ၆၁၀)ဖြင့် ပစ်မှတ်များကို လျင်မြန်စွာတုံ့ပြန်နိုင်စွမ်းရှိသည်။ လေဆာလှိုင်းနှုန်းသုံး ဒုံးကျည်ထိန်းကျောင်းရေးစနစ်ဖြင့် လုပ်ဆောင်သည့်အတွက် အာရုံခံစနစ်သုံးပဲ့ထိန်းဒုံးကျည်များနှင့်မတူဘဲ ရန်သူ၏ Jamming ပြုလုပ်မှု၊ အီလက်ထရွန်နစ်တန်ပြန်လုပ်ဆောင်မှုများကို ပိုမိုခံနိုင်ရည်မြင့်မားစေမည်ဖြစ်ပြီး ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။

နောက်ထပ် စွမ်းဆောင်ရည်တစ်ရပ်မှာVikhr-1 သည် ဒုံးကျည်တစ်စင်းချင်းသို့မဟုတ် ပစ်မှတ်တစ်ခုတည်းကို ဒုံးကျည် နှစ်စင်းဖြင့် တစ်ပြိုင်နက် ပစ်ခတ်တိုက်ခိုက်နိုင်ပြီး ယခင်စနစ်များနှင့် နှိုင်းယှဉ်ပါက တိုက်ပွဲဝင်ထိရောက်မှုနှင့် အဖျက်စွမ်းအား မြင့်မားကောင်းမွန်စေကြောင်း သိရသည်။

**Russia Launches Enhanced Vikhr-1 Missile with Expanded Combat Capabilities. ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်ကြည်းတပ်က ဒရုန်းရန်တန်ပြန်ရန် ရေဒီယိုလှိုင်းနှုန်းသုံးလက်နက်သစ်ကို စမ်းသပ်ခဲ့

ဗြိတိန်ကြည်းတပ်သည် ဒရုန်းရန်တန်ပြန်ရေးအတွက် ကုန်ကျစရိတ်မြင့်မားလာမှုများအပေါ် တုံ့ပြန်မှုတစ်ရပ်အနေဖြင့် ဒရုန်းအုပ်များကို တန်ပြန်တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိမည့် ရေဒီယိုလှိုင်းနှုန်းသုံး လက်နက်သစ်တစ်မျိုးကို စမ်းသပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေဒီယိုလှိုင်းနှုန်း တိုက်ရိုက်စွမ်းအင်သုံးလက်နက် (Radio Frequency Directed Energy Weapon - RFDEW) ဟုအမည်ပေးထားသောအဆိုပါစနစ်သည် ဒရုန်းများ၏ အီလက်ထရွန်နစ် အစိတ်အပိုင်းများကိုဖိဖျက်နှောင့်ယှက်နိုင်စွမ်းရှိပြီး ဒရုန်းများကိုကောင်းကင်ယံမှ ပြုတ်ကျစေရန် ကြိမ်နှုန်းမြင့်မားသော လှိုင်းနှုန်းများကို အသုံးပြုထားသည်။

ပစ်ခတ်မှုတစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဒေါ်လာ ကျသင့်မည့် အဆိုပါလက်နက်စနစ်သစ်သည် တပ်ဖွဲ့ဝင်များနှင့် စစ်ရေးစွမ်းအားစုများကို အကွာအဝေးတစ်ကီလိုမီတာ ပတ်လည်အတွင်း ကာကွယ်ပေးထားနိုင်ကြောင်း သိရသည်။

မကြာသေးမီက West Wales ပြည်နယ်တွင် တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုတစ်ခုအတွင်း ရေဒီယိုလှိုင်းသုံး တိုက်ရိုက်စွမ်းအင်သုံးလက်နက် ရှေ့ပြေးနမူနာတစ်ခုသည် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို အောင်မြင်စွာ Jamming ပြုလုပ်နိုင်ခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေဒီယိုလှိုင်းသုံးတိုက်ရိုက်စွမ်းအင်သုံးလက်နက်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့မှုသည် ဗြိတိန်နိုင်ငံ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန်အတွက် နည်းပညာမြင့်လက်နက်တစ်မျိုးကို ပိုင်ဆိုင်လာနိုင်ရေး ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်ဟု ကာကွယ်ရေးပစ္စည်းဝယ်ယူရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Maria Eagle က ပြောကြားခဲ့သည်။ တိုက်ပွဲဝင် အသင့်ဖြန့်ကြက်အသုံးပြုလာနိုင်မည်ဆိုပါက ဒုံးကျည်အခြေစိုက်စခန်းလေကြောင်းရန် ကာကွယ်ရေးစနစ်များ၊ အခြား တန်ဖိုးမြင့်မားသောတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များနှင့်အတူ အင်အားဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

ရေဒီယိုလှိုင်းသုံး တိုက်ရိုက်စွမ်းအင်သုံးလက်နက် တိုက်ပွဲဝင်အသင့် ဖြစ်၊ မဖြစ် စမ်းသပ်စစ်ဆေးမှုသည် ဗြိတိန်တပ်မတော်အနေဖြင့် ယူကရိန်းကဲ့သို့ ပဋိပက္ခတစ်ရပ် ရင်ဆိုင်ဆင်နွှဲရမည်ဆိုပါက ခြောက်လသာခံနိုင်ရည်ရှိလိမ့်မည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် တိုက်ပွဲဝင်အသင့်ဖြစ်မှု အားနည်းလျက်ရှိကြောင်း အစီရင်ခံစာဖော်ပြချက်များ နောက်တွင် ထွက်ပေါ်လာခဲ့ခြင်းလည်း ဖြစ်သည်။



သို့သော် ရေဒီယိုလှိုင်းသုံး တိုက်ရိုက်စွမ်းအင်သုံးလက်နက် တီထွင်ထုတ်လုပ်ထားသော ပညာရှင်အဖွဲ့က ခေတ်သစ်ဒရုန်းအန္တရာယ်များကိုတန်ပြန်ရန် တိကျ၊ အားကောင်းပြီး ကုန်ကျစရိတ်သက်သာသောနည်းလမ်းဖြင့် အဆိုပါလက်နက်သစ်သည် နိုင်ငံ၏ အနာဂတ်စစ်ဆင်ရေးစွမ်းဆောင်ရည်များကို သိသိသာသာ မြှင့်တင်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း၊ ခေတ်သစ်စစ်ပွဲတွင် အရေးကြီးသော အားသာချက်ဟု ယူဆထားသည့် တိုက်ရိုက်စွမ်းအင်သုံး လက်နက်များ တီထွင်ထုတ်လုပ်နိုင်မှုတွင်လည်း ဗြိတိန်နိုင်ငံသည် ရှေ့တန်းကျကျ ပါဝင်နေကြောင်း ပြောကြားခဲ့သည်။

**UK Army Tests 'Drone Killer' Radiowave Weapon That Costs Just $12 Per Shot ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၃၅၃၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၁၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲ ၃၃၅၃၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၃၁၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက် ရှိကြပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမား ခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင်ငွေကျပ် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်တောင်သူများကို တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင်စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် မြေပဲကို ယခုထက် ပိုမိုစိုက်ပျိုးသွားကြရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်၍ ပြောပြသည်။

(၂၀၆)

# ငပုတောမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ်ကောင်းနေ

**ငပုတော ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် ဒီဇင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိတစ်ရက်လျှင် ခဝဲသီး အလုံးရေ ၂၅၀၀၀ မှ ၃၀၀၀၀ ထိ ဝယ်ယူမှုရှိပြီး အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀လျှင် ငွေကျပ် ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအား များနေတာပါ။ လက်ရှိ တစ်ရက်ကို ခဝဲသီးအလုံးရေ ၃၀၀၀၀ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက ငပုတောမြို့နယ်က ဒေသထွက်ကုန်တစ်ခုပါ။ ခဝဲသီးတွေက အရည်အသွေးလဲကောင်းပါတယ် ။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေ အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် ခဝဲသီးတွေ ဝယ်ယူမှုကောင်းလာတော့ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်အေးမာက ပြောပြသည်။



ငပုတောမြို့နယ်တွင် လက်ရှိ ခဝဲသီးများအပါအဝင်ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်၍ အရောင်းအဝယ် ကောင်းမွန် လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် ဟိုင်းဟွမ်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းရှူး ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုင်းဟွမ်ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ဟိုင်းဟွမ်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုနှင့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပူးပေါင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေး လက်ကုန်ထုတ်လမ်း အရှည်၁မိုင်၊အကျယ် ၁၂ ပေ၊အမြင့်မြေသား နှစ်ပေ၊ သဲဖြူန်းကိုးလက်မခင်းခြင်း၊ ၎င်းလမ်းပေါ်ရှိ Box Culvert တံတား တစ်စင်း တည်ဆောက်ခြင်းကို ပြည်နယ်ခွင့်ပြုရန်ပုံ ငွေကျပ် ၆၈ ဒသမ ၂၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် မိုင်းရှူးတော်ဝင် ကုမ္ပဏီနှင့် အေးမြရွှေဇင်ကုမ္ပဏီ တို့က ဇွန်လစတုတ္ထပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းထံမှ သိရသည်။ **မောင်နိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ယာယီနေရပ်စွန့်ခွာသူများအတွက် အခြေခံလိုအပ်ချက်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် စေတနာရှင်၊ အလှူရှင်များပေါင်းစပ်၍ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေး






**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့်ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဇေယျာဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌက အမျိုးသားအဆင့်ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုနှင့်ပြည်နယ်အဆင့်ကော်မတီများဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သုံးနှစ်ကျော်ကာလအတွင်း အထိုက်အလျောက် အောင်မြင်မှုရရှိခဲ့ကြောင်း၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် ယခင်အစည်းအဝေး (၁/၂၀၂၄)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ဒေသအသီးသီးရှိ IDP၊ နေရပ်စွန့်ခွာသူများနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထွက်ပြေးတိမ်းရှောင်သူများအတွက် သက်ဆိုင်ရာကော်မတီအလိုက်၊ တိုင်းဒေသကြီး၊ပြည်နယ် အစိုးရအဖွဲ့အလိုက် ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ထားရှိမှုများကို ယခုအစည်းအဝေးတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း။

အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် မေ ၂၃ ရက်မှ လက်ရှိအချိန်ထိ ခုနစ်လတာကာလအတွင်း စုစုပေါင်းအိမ်ထောင်စု ၃၅၂၄၅ စု၊ လူဦးရေ ၁၄၁၇၈၈ ဦးတို့ကို မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး ယာယီခိုလှုံရာစခန်းများ၊ စုရပ် ၃၈၀ ကို ထပ်မံပိတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ လူသားချင်းစာနာမှု၊ အကူအညီပေးမှုများအပြင် စုစုပေါင်း ငွေကျပ် ဖ၄၇၇ သန်းကျော်ဖြင့် လမ်းဖောက်လုပ်ခြင်း၊ အိမ်ရာများဆောက်လုပ်ပေးခြင်း၊ စားနပ်ရိက္ခာ၊ လူသုံးကုန်ပစ္စည်းများ၊ ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်၊ ကျောင်းဆောက်လုပ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ အလှူရှင်များ၏ လှူဒါန်းမှုများဖြင့်ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လက်ရှိအခြေအနေတွင် ယာယီနေရပ်စွန့်ခွာသူများအတွက် အခြေခံလိုအပ်ချက်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့်စေတနာရှင်၊ အလှူရှင်များပေါင်းစပ်၍ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယာယီခိုလှုံရာ စခန်း၊ စုရပ်များရှိ နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှုအခြေအနေ၊လူမှုရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးမှုအခြေအနေ၊ မူလနေရပ်သို့ ပြန်လည်နေထိုင်သူများအတွက် လတ်တလောလိုအပ်သည်များ ထောက်ပံ့ကူညီပေးလျက်ရှိသည့် အခြေအနေ၊ အမျိုးသားအဆင့်ကော်မတီတွင် ရန်ပုံငွေထူထောင်နိုင်ရေးဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူတို့က သုံးသပ်အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးရှင်းလင်းတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအကြောင်း တရုတ်ခရီးသွားဧည့်သည်များ ပိုမိုသိရှိနိုင်ရေးအတွက် တရုတ်နိုင်ငံသုံး Social Media အကောင့်များမှတစ်ဆင့် မြှင့်တင်ကြော်ငြာသွားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းတွင် မြန်မာ-တရုတ် နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ရန်ကုန်မြို့အခြေစိုက် Exploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr. David Liu အား ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် တရုတ်-မြန်မာအစိုးရ-ပုဂ္ဂလိက ကဏ္ဍများအကြားပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအကြောင်း တရုတ်ခရီးသွားဧည့်သည်များ ပိုမိုသိရှိနိုင်ရေးအတွက် တရုတ်နိုင်ငံသုံး Social Media အကောင့်များမှတစ်ဆင့် မြှင့်တင်ကြော်ငြာသွားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ တရုတ်နိုင်ငံသားလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံကြရေး၊ တရုတ်နိုင်ငံမှ ပင်လယ်ရေကြောင်း အပျော်စီးသင်္ဘောများဖြင့် လာရောက်မည့် ခရီးသွားဧည့်သည်များကို ဖိတ်ခေါ်ရေး၊ အပျော်စီးသင်္ဘောခရီးစဉ်များ စီစဉ်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် တရုတ်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် Exploring Myanmar Culture and Tourism Organizationနှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ်အသိအမှတ်ပြုလက်မှတ်ကိုExploring Myanmar Culture and Tourism Organization ၏ ဥက္ကဋ္ဌ Mr.David Liu ထံ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်အတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် အစရှိသည့် အခွန်အရပ်ရပ်ကို အပြည့်အဝကောက်ခံနိုင်ရန် လိုအပ်

ရန်ကုန် ဒီဇင်ဘာ ၂၆

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိအကောက်ခွန် ဦးစီးဌာန၌ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေး မှူးချုပ်များ၊ ဌာနများ၏ တာဝန်ခံညွှန်ကြား ရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင် ရွက်နေမှုကိုတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက် ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန် ဦးစီးဌာနရှိအရာထမ်းများအား ဇေယျာသီဟ ခန်းမ၌တွေ့ဆုံရာတွင် အကောက်ခွန်ဦးစီး ဌာနသည် နိုင်ငံတော်အတွက် အခွန် ဘဏ္ဍာငွေများကို အဓိကရှာဖွေပေးရသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် လည်း အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်သည့်အတွက် တာဝန်ရှိသူများ အနေဖြင့် သတ်မှတ်ထားသောစည်းမျဉ်း စည်းကမ်းများအတိုင်း တိကျစွာလိုက်နာ ကျင့်ကြံဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော် အတွက် အကောက်ခွန်၊ ကုန်သွယ် လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် အစရှိသည့် အခွန်အရပ်ရပ်ကို အပြည့်အဝကောက်ခံ နိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည့်အားလျော်စွာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ကြိုးပမ်းတာဝန် ထမ်းဆောင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်း ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက် အခဲများကိုတင်ပြကြရာ ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)အစည်းအဝေးခန်းမ




၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ ဌာနများမှ ဦးဆောင်ညွှန်ကြား ရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တွေ့ဆုံပြီး ဌာနအလိုက်တင်ပြချက်များ အပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည် များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)မှ အရာထမ်းများ အားတွေ့ဆုံပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေနှင့် ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးရာတွင် လည်းကောင်း၊ ချေးငွေများပြန်လည် ကောက်ခံရာတွင်လည်းကောင်း စနစ်တကျ ဆောင်ရွက်ရန်၊ ငွေကြေးအလွဲသုံးစားမဖြစ် စေရေး အဆင့်ဆင့်ကြီးကြပ်စစ်ဆေးဆောင် ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ စာပြန်သံဃာတော်များနှင့် ပဲခူးမြို့ ရှေးဟောင်းစေတီပုထိုးများသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သွားရောက်ဖူးမြော်ကြည်ညို



ရန်ကုန် ဒီဇင်ဘာ ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများ နှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး၊ ကြီးကြပ်ရေး ဆရာတော် လေးပါး၊ စာပြန်သံဃာတော် ၇၃ ပါးတို့အား ဖူးမြော်ကြည်ညိုကာ သမ္မာ ဓမ္မတ္တဂုဏ်တော်ဝန္ဒနာစသော ကျမ်းစာအုပ် ငါးမျိုးကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ရှိ ရွှေဂူကြီး(ဗုဒ္ဓဂယာ) စေတီတော်၊ ကိုးသိန်းကိုးသန်းစေတီတော်၊ ရွှေဂူလေးစေတီတော်၊ ရွှေအောင်ရွှေး စေတီတော်နှင့် ကျိုက်ပွန်ဘုရားကြီးတို့ကို ဖူးမြော်ကြည်ညို၍ စေတီတော်များပရိဝုဏ် အတွင်းပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက် ရှိသောနေရာများကို သက်ဆိုင်ရာ ဂေါပကအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး၍ ဦးစားပေးပြုပြင်ရမည့် နေရာများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကမ္ဘော့ဇသာဒီနန်းတော် သို့သွားရောက်ပြီး လက်ယာဝန်းဆောင်၊ လက်ဝဲဝန်းဆောင်နှင့် စနုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ အဘိဓမ္မာ(ဒုတိယ ပိုင်း) စာပြန်သံဃာ တစ်ပါး၊ အဘိဓမ္မာ(ပထမ ပိုင်း) စာပြန်သံဃာတစ်ပါး၊ ဒီဃနိကာယ် စာပြန်သံဃာ ငါးပါး၊ ဝိနည်း(ဒုတိယပိုင်း) စာပြန်သံဃာ ၃၇ ပါး၊ ဝိနည်း(ပထမပိုင်း) စာပြန်သံဃာ ၂၉ ပါး စုစုပေါင်း ၇၃ ပါးတို့ အာဂုံပြန်ဆိုလျက်ရှိပြီး (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# MPTA FM Application အသုံးပြု၍ နီးစပ်ရာစက်သုံးဆီဆိုင်များ၏ ဆီဈေးနှုန်းနှင့် လိုအပ်သလောက်ဝယ်ယူဖြည့်တင်းနိုင်ခြင်းရှိ၊ မရှိ သိရှိနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၆

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ပြည်သူများ လက်ကိုင်ဖုန်း အသုံးပြု၍ နီးစပ်ရာစက်သုံးဆီအရောင်း ဆိုင်များတွင် မည်သည့်စက်သုံးဆီအမျိုး အစားများကို မည်သည့်ဈေးနှုန်းများဖြင့် လိုအပ်သလောက် ဝယ်ယူဖြည့်တင်းနိုင် ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် MPTA FM အမည်ရှိ Software Application တစ်ခု ရေးဆွဲဆောင်ရွက်ပြီးဖြစ်ကြောင်း သိရ သည်။

MPTA FM Application တွင် နိုင်ငံ အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၏ တည်နေရာ၊ အရောင်းဆိုင်ဖွင့်ချိန်၊ ပိတ်ချိန်၊ ရရှိနိုင်မည့် စက်သုံးဆီအမျိုးအစားနှင့် ရောင်းဈေးနှုန်းစသည့် သတင်းအချက် အလက်များပါဝင်ပြီး ယင်း Application ကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့် မြန်မာ နိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူး ရေးအသင်း(MPTA)တို့ ပူးပေါင်းရေးဆွဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ MPTA FM Applicationကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ Android Version ဖုန်းများဖြင့် Google Play Store တွင် လွယ်ကူစွာ Download ရယူ အသုံးပြုနိုင်ပြီဖြစ်ပြီး IOS Version ဖုန်း များတွင် App Store မှတစ်ဆင့် Down-load ရယူသုံးစွဲနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

အများပြည်သူအနေဖြင့် Android Version ဖုန်းများဖြင့် နီးစပ်ရာ စက်သုံးဆီအရောင်းဆိုင်များတွင် မည်သည့်စက်သုံးဆီအမျိုးအစားမဆို လိုအပ်သလောက်ဝယ်ယူနိုင်ရန်အတွက် အသုံးပြုရန် Google Play Storeတွင် တင်ထားသည့် MPTA FM Application Logo ပုံစံ

MPTA-FM

— SAVE THE TIME AND ENERGY —



ရှေ့ဖုံးမှအဆက်

ထုတ်လုပ်ထားသည့် သွင်းအားစုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင် ဦးသန့်ဇင်ထွန်း၏ ဒေသကြက်အကောင် ၇၀၀၀ နှင့် ဒေသဆိတ်အကောင် ၁၀၀ မွေးမြူထားရှိမှုတို့ကိုလည်းကောင်း၊ကျိုက်ဇကောအရှေ့ကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဘက်စုံမွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်ကြည်၏ နို့စားနွားမွေးမြူရေး၊ နို့စားကျွဲမွေးမြူရေး၊ ဒေသကြက်နှင့် ဥစားကြက်မွေးမြူရေးခြံနှင့် ပဲခူးတိုင်းဒေသထုတ်စပါးအခြောက်ခံစက်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး တန်ဖိုးမြင့်စားသောက်ကုန်အဖြစ် ရောင်းချနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ Agro Future Myanmar Co., Ltd က စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် ပြည်တွင်းဖြစ်လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်၊ ဆေးဖျန်းစက်နှင့် ဘက်စုံသုံးအစေ့ချစက်များကို ကြည့်ရှုအားပေးပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် အောက်စုကွင်းသို့ ရောက်ရှိပြီး နွေစပါး နှစ်သီးစိုက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးကာ ဒေသခံ နွေစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းအောင်မြင်စွာဆောင်ရွက်လျက်ရှိသော ဦးဝင်းထိုက်မောင်၏ကာကီကင်းမျိုးဥစားဘဲ အကောင် ၄၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ကမာစဲကျေးရွာရှိဦးလှမော်၏ တစ်ရက် တန် ၂၅၀ ကျ ဆန်စက်၌ဆန်စက်လည်ပတ်နေမှု၊ဆန်ကြိတ်ခွဲနေမှုကို ကြည့်ရှု၍ ဒေသခံတောင်သူများနှင့် ကန်ထရိုက်လယ်ယာစနစ်များ တိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပဲခူးမြို့နယ် အိုးဘိုကျေးရွာအုပ်စု တစ်ကွင်းတစ်ဆက်တည်းပဲတီစိမ်းစံပြစိုက်ခင်းဧက ၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံပဲစိုက်တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များအားသက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပဲစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပဲခူးမြို့ သီရိဟံသာခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ၊ မူဝါဒများကို အကျယ်တဝင့်ရှင်းလင်းပြောကြား၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းကို ၂၀၁၅ ခုနှစ် ဖြစ်ပွားမှုနှုန်း၏ ၅၀ ရာခိုင်နှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးမှုနှုန်း ၇၅ ရာခိုင်နှုန်းထိ လျှော့ချကြရမည်




နေပြည်တော် ဒီဇင်ဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပသည့် National Annual TB Evaluation Meeting (2023)သို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ်တွင် ကမ္ဘာပေါ်၌ လူဦးရေ ၁၀ ဒသမ ၈ သန်းခန့်သည် တီဘီရောဂါဖြစ်ပွားခဲ့ပြီး တီဘီရောဂါကြောင့် သေဆုံးသူပေါင်း ၁ ဒသမ ၂၅ သန်းခန့် ရှိသည်ဟု ခန့်မှန်းသိရှိရကြောင်း၊ WHO End TB Strategy အရ ၂၀၂၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းကို ၂၀၁၅ ခုနှစ် ဖြစ်ပွားမှုနှုန်း၏ ၅၀ ရာခိုင်နှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးမှုနှုန်းကို ၇၅ ရာခိုင်နှုန်းထိလျှော့ချကြရမည်ဖြစ်ကြောင်း။

တီဘီရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို ပြည်တွင်း၊ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အမျိုးသားမဟာဗျူဟာစီမံကိန်း (National Strategic Plan) ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊တီဘီရောဂါမဖြစ်အောင် ကာကွယ်ကုသခြင်း (TB preventive Therapy, TPT)ကို လက်ရှိအခြေအနေထက် ပိုမိုထိရောက်အောင် ဆောင်ရွက်သွားကြရန်အရေးကြီးကြောင်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကိုလည်း တီဘီရောဂါကာကွယ်ကုသမှုများတွင် ယခုထက်ပိုမိုပူးပေါင်းပါဝင်လာအောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

လူတိုင်း လက်လှမ်းမီရရှိနိုင်သော အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန်နှင့် တီဘီရောဂါတိုက်ဖျက်ရေး ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားနီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar CDC)၌ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် ၂၀၀၃ ခုနှစ်တွင် အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက်ဖြစ်သော လူဦးရေတစ်သောင်းလျှင် အနာကြီးရောဂါဖြစ်ပွားသူတစ်ဦးအောက် လျှော့နည်းအောင် လျှော့ချနိုင်ခဲ့ပါကြောင်း၊

၂၀၂၃ ခုနှစ်တွင် အနာကြီးရောဂါလူနာသစ် ၁၃၃၈ ဦး၊ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်(၂)ရှိသူ လူနာသစ် ၂၀၇ ဦးနှင့် ကလေးလူနာသစ် ၃၈ ဦး ရှာဖွေဖော်ထုတ်၍ ဆေးဝါးကုသပေးနိုင်ခဲ့ပါကြောင်း၊ လူနာများကို ကိုယ်အင်္ဂါချို့ယွင်းမှုမဖြစ်မီ စောစီးစွာ ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် လူနာသစ်ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

ယခုလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲတွင် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါကြောင်း၊ အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အနာကြီးရောဂါဆိုင်ရာ နည်းပညာအကြံပေးပညာရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၂၄ ခုနှစ် နှစ်ပတ်လည်အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲကို နေပြည်တော်၌ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားသမားများနှင့် နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသည့် အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် မန္တလေးတိုင်းဒေသကြီးမှ အားကစားသမား ၂၂၃ ဦး၊ နည်းပြဦးရေ ၁၁၀ ဖြင့် အားကစားနည်း ၂၄ မျိုးတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အားကစားနည်းများအလိုက် ရွှေတံဆိပ်အခု ၃၀၊ ငွေတံဆိပ် ၃၉ ခု၊ ကြေးတံဆိပ် ၅၁ ခု စုစုပေါင်း ဆုတံဆိပ် ၁၂၀ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး





**နေပြည်တော် ဒီဇင်ဘာ ၂၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ဆွေးနွေးပွဲမှတစ်ဆင့်ရရှိမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် မိမိကိုယ်တိုင်ပါဝင်ကြရန်နှင့် မိမိမှစ၍ အဂတိလိုက်စားမှုများကို ငြင်းဆန်ရန်တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုပုံစံများသည် နည်းပညာများထွန်းကားလာသည်နှင့်အမျှ ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပေါ်နေပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မျှတပြီး လုံခြုံစိတ်ချရသော ဈေးကွက်များဖြစ်ပေါ်၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာရရှိစေရန်အတွက် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ခြင်းသည် အလွန်အရေးပါကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုများကို ကော်မရှင်နှင့်အတူ ပူးပေါင်းတိုက်ဖျက်ပေးကြရန်နှင့် ဖြောင့်မတ်တည်ကြည်မှုရှိသော စီးပွားရေးအသိုက်အဝန်းကို ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဖြောင့်မတ်တည်ကြည်မှုရှိသော စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်းလည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြား၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တောင်သူပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများမွေးမြူခြင်းအခမ်းအနား တပ်ကုန်းမြို့နယ်တွင် ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

တောင်သူပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများ မွေးမြူခြင်းအခမ်းအနားကိုယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ကျေးချောင်းကျေးရွာအုပ်စု၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ မကျီးပင်၊ ဥသျှစ်ကုန်း၊ ညောင်လွန့်ကျေးချောင်း ကျေးရွာတို့မှ တောင်သူများ တက်ရောက်ကြသည်။

တောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တောင်သူများကိုယ်တိုင် မျိုးမွေးမြူရွေးချယ်ခြင်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းတွင် ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်မှသာ တစ်နိုင်ငံလုံး၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၌ မျိုးကောင်းမျိုးသန့်သုံးစွဲမှု လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် သုတေသီများ၊ မျိုးစေ့ပညာရှင်များသည် တောင်သူများနှင့်အတူ သုတေသနစမ်းသပ်ကွက်အတွင်း ကွင်းဆင်း၍ စပါးသားဆက်လိုင်းများကို ရွေးချယ်ကြရာ ဒုတိယဝန်ကြီးက ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်ကွင်းနှင့် သင့်တော်ကိုက်ညီသည့် ဗီဇပါမျိုးများ ရရှိနိုင်ကြောင်းနှင့် မျိုးရွေးချယ်ခြင်းဆိုင်ရာ မှတ်သားဖွယ်ရာများကို ရှင်းလင်းပြသသည်။

စပါးမျိုးသားဆက်လိုင်းများမွေးမြူခြင်းကို တပ်ကုန်းမြို့နယ် ကွင်းအမှတ်(၁၃၀၄) တောင်သူ ဦးသိန်းအောင်၏ လယ်မြေတွင် စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူ၍ ကျော်ဇေယျ၊ ရတနာတိုး၊ ပြည့်ဝနှင့် ရွှေအာဆီယံမိဘမျိုးများကို မျိုးစပ်မွေးမြူရရှိသည့် သားဆက်-၆ (F-6)များကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကာ ယနေ့အခမ်းအနားတွင် တောင်သူများပူးပေါင်းပါဝင်၍ မျိုးရွေးချယ်ကြခြင်းဖြစ်ပြီး တောင်သူများစိတ်ဝင်စားမှုအရ မျိုးနံ့များရွေးချယ်ကာ တောင်သူတစ်ဦးချင်းအလိုက် ဆက်လက်စိုက်ပျိုး၍ မျိုးရွေးချယ်ကြမည်ဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသင့်တော်သည့် အထွက်ကောင်းမျိုးများ ရွေးချယ်ရရှိရေး တိုင်းဒေသကြီး၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများနှင့် ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများအနေဖြင့် တောင်သူနှင့် တိုက်ရိုက်ထိတွေ့ကြရသည့် ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးတာဝန်ခံများ၊ ဇုန်တာဝန်ခံများ၊ ကွင်းတာဝန်ခံများ၏ စွမ်းဆောင်ရည်ပြည့်ဝရေး၊ တောင်သူ့လိုအပ်ချက်ကိုသိရှိပြီး သက်ဆိုင်ရာဌာနများ သုတေသနဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေး၊ ဒေသအလိုက် ဖြစ်ထွန်းအောင်မြင်စေမည့် သီးနှံမျိုးများကို ဖော်ထုတ်ရှာဖွေ၍ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တောင်သူဝင်ငွေတိုးစေမည့် သီးနှံပုံစံချမှတ်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးဧက သီးနှံထွက်ရှိမှု ပမာဏဆိုင်ရာ အခြေခံကိန်းဂဏန်းစာရင်းဇယားများ တိကျမှန်ကန်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဇုန်တာဝန်ခံများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြစ်ကြီးနားမြို့နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်



သံဃာတော်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် လေးပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး၊ အကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာရှိ သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး၊ အကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းကို ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၈ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၅ ပါတီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ (၂၆-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန်လမ်းပိုင်းရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးလ်ဂိတ်များနှင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန်လမ်းပိုင်း ပေါ်ရှိ လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသည့် တိုးလ်ဂိတ်များကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စီလမ်းဆုံတိုးလ်ဂိတ်၌ Computer စနစ်ဖြင့် နေ့စဉ် လမ်းအသုံးပြုခကောက်ခံနေမှု၊ CCTV တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ရေနှင့်လျှပ်စစ်မီးရရှိမှု၊ တိုးလ်ဂိတ်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်၊ လှပမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုးလ်ဂိတ်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ပြီး ဥပမိရုပ်ကောင်းမွန်စေရေး၊ တိုးလ်ဂိတ်များ၌ လမ်းအသုံးပြုခကောက်ခံရာတွင် ယာဉ်စာရင်းအရေအတွက်နှင့် ကောက်ခံရရှိငွေ မှန်ကန်စွာ စာရင်းရေးသွင်းရေး၊ တိုးလ်ဂိတ်များအားလုံး CCTV တပ်ဆင်ထားပြီး Computer စနစ်ဖြင့် ကောက်ခံစေရေး၊ ကောက်ခံရရှိငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ကောက်ခံရရှိမှုစာရင်းဇယားများ ရေးသွင်းရာတွင် ရုံးချုပ်ကသတ်မှတ်ထားသည့် ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန်လမ်းပိုင်း တစ်လျှောက်ရှိ တိုးလ်ဂိတ်များဖြစ်ကြသည့် တောင်ငူမီနီတိုးလ်ဂိတ်၊ အုတ်တွင်းမီနီတိုးလ်ဂိတ်၊ ဖြူးတိုးလ်ဂိတ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၇၅/၄)နှင့် (၇၆/၂)ကြား(အသွားလမ်း) AC ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဒရယ်မီးမီနီတိုးလ်ဂိတ်၊ ဘောနက်ကြီးမီနီတိုးလ်ဂိတ်၊ အမှတ်(၃) လမ်းဆုံတိုးလ်ဂိတ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စမ်းချောင်းမြို့မရဲစခန်း(ပ)၅၀၂/၂၀၂၄၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)၊ ၅၄**

**၂၄-၁၂-၂၀၂၄ ရက်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ပန်းလှိုင်လမ်း၊**

**ဟုမ်းလမ်းဘူတာရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစန်းငွေအားသေနတ်ဖြင့် လုပ်ကြံပစ်ခတ်မှု**

စေခိုင်းသူ/Free Land Attack Force(FLA) အမည်ခံအကြမ်းဖက်အဖွဲ့ခေါင်းဆောင်

နေမျိုးနွယ်(စိစစ်ဆဲ)

(ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် နေထိုင်သူ)



(ဖမ်းဆီးရန်ကျန်တရားခံ)

| လုပ်ကြံပစ်ခတ်သူ | လုပ်ကြံပစ်ခတ်သူ | အငှားယာဉ်မောင်းနှင်ပေးသူ | လက်နက်၊ ခဲယမ်းသိမ်းဆည်းပေးသူ |
|---|---|---|---|
| Free Land AttackForce(FLA)အဖွဲ့ဝင် | Free Land AttackForce(FLA)အဖွဲ့ဝင် | Free Land AttackForce(FLA)အဖွဲ့ဝင် | |
| ကျော်ဇင်ဦး(ခ) ကျောင်းဆရာ | မေမြတ်သဥ္ဇာကျော် (ခ)ငယ်ငယ် | ဇော်ဇော်ဗိုလ်(ခ) ထွန်းထွန်းအောင် | စိုင်းနောင်ထက် (ခ)အာကြီး |
|  |  |  |  |
| (ဖမ်းမိ) | (ဖမ်းမိ) | (ဖမ်းမိ) | (ဖမ်းမိ) |

☆ **ကျောဖုံးမှအဆက်**

ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်နေ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖြစ်သူ ဦးစန်းငွေ ၆၆ နှစ် (ဘ)ဦးလှရွှေ သည် ဟုမ်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ရှိနေစဉ် အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးစန်းငွေတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေးမှုများကြောင့် ဒီဇင်ဘာ ၂၄ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် လုပ်ကြံပစ်ခတ်မှု ကျူးလွန်သူများဖြစ်ကြသည့် တရားခံဇော်ဇော်ဗိုလ်(ခ)ထွန်းထွန်းအောင် ၂၉ နှစ် (ဘ) ဦးသိန်းဇော်နှင့် မေမြတ်သဥ္ဇာကျော်(ခ) ငယ်ငယ်(၂၃)နှစ်(ဘ)ဦးမြင့်တို့ကို ၎င်းတို့နေထိုင်ရာ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အမှတ်(၇၈၂)နေအိမ်၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် CZ 2075 RAMI P အမျိုးအစား အနက်ရောင်ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ လုပ်ကြံပစ်ခတ်စဉ်အတွင်း အသုံးပြုစီးနင်းခဲ့သည့် ယာဉ်အမှတ် YGN-8 GG-6136 Fielder အဖြူရောင် အငှားယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်ဇော်ဗိုလ်(ခ) ထွန်းထွန်းအောင်နှင့် မေမြတ်သဥ္ဇာကျော်(ခ)ငယ်ငယ်တို့၏ထွက်ဆိုချက်အရ လုပ်ကြံပစ်ခတ်မှုအတွင်းပါဝင်သူ ထန်းတပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ ရေတွင်းကုန်း-ဝါးတရာလမ်း "စိုင်းသူအောင်" အဆောင်နေ ကျော်ဇင်ဦး(ခ)ကျောင်းဆရာ ၃၁ နှစ် (ဘ)ဦးမြင့်ဦးအား ယင်းနေ့ ည ၁၀ နာရီခွဲတွင် GLOCK အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ၁၄ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တရားခံ မေမြတ်သဥ္ဇာကျော်(ခ)ငယ်ငယ်၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာ(၅) လမ်း အိမ်အမှတ်(၁)နေ စိုင်းနောင်ထက်(ခ)အာကြီး ၂၇ နှစ် (ဘ)ဦးဇော်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိုင်းနောင်ထက်(ခ)အာကြီးအား ၎င်း နေထိုင်သည့် အဆောက်အအုံပထမထပ်၏ထပ်ခိုးပေါ်တွင် အနက်ရောင်စက္ကူဘူး အတွင်းထည့်၍ ဝှက်သိမ်းထားသည့် SIG SAUER အမျိုးအစား အနက်ရောင်ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ 9 MM ကျည် ၃၃ တောင့်နှင့်မီးခိုးဗုံး နှစ်လုံးတို့နှင့်အတူ ထပ်မံတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ ကျော်ဇင်ဦး(ခ)ကျောင်းဆရာ၊ ဇော်ဇော်ဗိုလ်(ခ) ထွန်းထွန်းအောင်နှင့် မေမြတ်သဥ္ဇာကျော်(ခ)ငယ်ငယ်တို့ သုံးဦး၏ထွက်ဆိုချက်များအရ ၎င်းတို့သုံးဦးသည် Free Land Attack Force(FLA) အမည်ခံ အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြပြီး ၎င်းအဖွဲ့တွင် အဖွဲ့ဝင် ၁၅ ဦးခန့်ရှိကာ အဖွဲ့ခေါင်းဆောင်မှာ ဖမ်းဆီးရန်ကျန် တရားခံ နေမျိုးနွယ်(စိစစ်ဆဲ)ဖြစ်ပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် နေထိုင်သူဖြစ်ကြောင်း၊ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများအား အဖွဲ့ခေါင်းဆောင်ဖြစ်သူ နေမျိုးနွယ်၏ စေခိုင်းချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊

စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစန်းငွေအား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်ရန်အတွက် ဒီဇင်ဘာ ၂၂ ရက်တွင် FLA အဖွဲ့ခေါင်းဆောင် နေမျိုးနွယ်က တရားခံ ကျော်ဇင်ဦး(ခ)ကျောင်းဆရာပါ သုံးဦးတို့ကို Telegram မှဆက်သွယ်၍ စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊


ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ငှားရမ်းထားသည့် ယာဉ်အမှတ် YGN-8 GG-6136 Fielder အဖြူရောင် အငှားယာဉ်အား ဇော်ဇော်ဗိုလ်(ခ) ထွန်းထွန်းအောင်က မောင်းနှင်၍ ကျော်ဇင်ဦး(ခ)ကျောင်းဆရာနှင့် မေမြတ်သဥ္ဇာကျော်(ခ)ငယ်ငယ်တို့က ပစ္စတိုသေနတ် တစ်လက်စီဖြင့် အုပ်ချုပ်ရေးမှူး ဦးစန်းငွေအား ရုံးရှေ့ငါးပေအကွာခန့်မှ လုပ်ကြံပစ်ခတ်ခဲ့ကြ ခြင်းဖြစ်ကြောင်း၊ လုပ်ကြံပစ်ခတ်ပြီးနောက် တရားခံကျော်ဇင်ဦး(ခ)ကျောင်းဆရာနှင့် ဇော်ဇော်ဗိုလ်(ခ)ထွန်းထွန်းအောင်တို့က ပစ္စတိုသေနတ် တစ်လက်စီယူဆောင်သွားခဲ့ကြပြီး မေမြတ်သဥ္ဇာကျော်(ခ)ငယ်ငယ်က ၎င်းကိုင်ဆောင်သည့် SIG SAUER အမျိုးအစားအနက်ရောင် ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ 9 MM ကျည် ၃၃ တောင့်တို့ကို စိုင်းနောင်ထက်(ခ)အာကြီး၏ နေအိမ်တွင် သွားရောက်အပ်နှံသိမ်းဆည်းထားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဆက်လက် စစ်ဆေးချက်များအရ တရားခံ ကျော်ဇင်ဦး(ခ) ကျောင်းဆရာ၊ ဇော်ဇော်ဗိုလ်(ခ) ထွန်းထွန်းအောင်နှင့် မေမြတ်သဥ္ဇာကျော်(ခ)ငယ်ငယ်တို့ သုံးဦးသည် FLA အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန် တရားခံ နေမျိုးနွယ်၏စေခိုင်းချက်အရ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဗညားဒလလမ်းပေါ်ရှိ တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအား လက်ပစ်ဗုံး နှစ်လုံးဖြင့် ပစ်ခတ်ခြင်းနှင့် ဒီဇင်ဘာ ၁၀ ရက်တွင် ညပိုင်းတွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ကျိုက္ကဆံလမ်းနှင့် မလွှကုန်းလမ်းထောင့်ရှိ တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား လက်ပစ်ဗုံးဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြကြောင်း။

တရားခံ ကျော်ဇင်ဦး(ခ)ကျောင်းဆရာ၊ မေမြတ်သဥ္ဇာကျော်(ခ)ငယ်ငယ်နှင့် ဖမ်းဆီးရန် ကျန်တရားခံ Free Land Attack Force(FLA) အဖွဲ့ဝင်ဖြစ်သူ အောင်မျိုးအေး(ခ)ဆာကူရာ(စိစစ်ဆဲ) တို့ သုံးဦးသည် ၂၀၂၃ ခုနှစ် မေလအတွင်း အင်းစိန်ပန်းခြံ လျှပ်စစ်ရုံးရှေ့ခြံစည်းရိုးဘေးတွင် ချိန်ကိုက်မိုင်း သုံးလုံး၊ ဇွန်လအတွင်း တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့ ခြံစည်းရိုးတွင် ချိန်ကိုက်မိုင်း တစ်လုံး၊ ဩဂုတ်လအတွင်း မရမ်းကုန်းမြို့နယ် သမိုင်းလမ်း မင်းဓမ္မလမ်းမီးပွိုင့်အနီးရှိ CCTV ပုံးတွင် ရီမုမိုင်း တစ်လုံးတို့ကို အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခဲ့ခြင်း သုံးကြိမ် ကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ကြံပစ်ခတ်မှုနှင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှုများကျူးလွန်ခဲ့သူ Free Land Attack Force (FLA) အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များဖြစ်ကြသော ကျော်ဇင်ဦး(ခ)ကျောင်းဆရာပါ လေးဦးတို့ကို ပြစ်မှုများကျူးလွန်စဉ်အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်သုံးလက်၊ ကျည်မျိုးစုံ ၅၂ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ မီးခိုးဗုံး နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ အကြမ်းဖက်မှုပြုလုပ်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဖမ်းဆီးရန်ကျန်တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် မြို့ရွာများအမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့သဖြင့် နေအိမ် ၂၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာကို ဒီဇင်ဘာ ၂၅ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့သဖြင့် နေအိမ် ၂၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ အဆိုပါ မြို့နယ်နှင့်ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည် ဆိုသည့် သတင်းမှာမှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါ မြို့နယ်နှင့်ကျေးရွာများတွင် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများသွားလာနေထိုင်သည့် မြို့ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ မကြာခဏလုပ်ဆောင်နေသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်သည်ဟု ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တောမီးကူးစက်လာနိုင်သည့်အတွက် ဘွန်းဟေးဒေသခံများကို ဘေးလွတ်ရာအမြန်ဆုံးရွှေ့ပြောင်းရန် NEMA က ထုတ်ပြန်




**ကင်ဘာရာ ဒီဇင်ဘာ ၂၆**

သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ဒီဇင်ဘာ ၂၅ ရက်က တောမီးအရှိန်ပိုမိုပြင်းထန်လာပြီး ဗစ်တိုးရီးယားပြည်နယ် အရှေ့တောင်ဘက်ပိုင်းသို့ ကူးစက်လောင်ကျွမ်းနေသည့် တောမီးကြောင့် ဘွန်းဟေးဒေသခံများကို ဘေးလွတ်ရာအမြန်ဆုံးရွှေ့ပြောင်းရန် ယနေ့တွင် National Emergency Management Agency (NEMA) က သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုသည် ဒီဇင်ဘာ ၁၈ ရက်က စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဂရမ်ပီယန်အမျိုးသားဥယျာဉ်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အခြေအနေ သတ်မှတ်ပြီး မွေစတန်ဒေသနဲ့ ပိုမိုနယ်ဒေသက ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပြီးဖြစ်သလို ဒေသခံတွေအနေနဲ့လဲ ဘေးလွတ်ရာ ရွှေ့ပြောင်းနေပါတယ်။ တောမီးဟာ လေတိုက်နှုန်းမြင့်မားတာကြောင့် အရှိန်ပိုပြင်းထန်လာပြီး ဗစ်တိုးရီးယားပြည်နယ် အရှေ့တောင်ဘက်ပိုင်းကို ကူးစက် လောင်ကျွမ်းခဲ့တယ်။ တောမီးလောင်ကျွမ်းမှုဟာ ဘွန်းဟေးဒေသဘက်ကို ဦးတည်လောင်ကျွမ်းနေပြီး အန္တရာယ်ရှိတဲ့အတွက် ဘွန်းဟေးဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ သတိပေးထားပါတယ်"ဟု National Emergency Management Agency(NEMA) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဖီဂျီနိုင်ငံအနောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းကြရန် ရဲတပ်ဖွဲ့တိုက်တွန်း

**ဆူဗာ ဒီဇင်ဘာ ၂၆**

ဖီဂျီနိုင်ငံအနောက်ပိုင်း နာဒီမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေကြီးရေလျှံမှုများကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းကြရန် ဖီဂျီရဲတပ်ဖွဲ့၏ လက်ထောက်ကော်မရှင်နာ လစ်ဗိုက်ဒရီရူက တိုက်တွန်းထားကြောင်း ဖီဂျီရဲတပ်ဖွဲ့၏ ဒီဇင်ဘာ ၂၅ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

ဖီဂျီနိုင်ငံအနောက်ပိုင်း နာဒီမြို့နှင့် အနီးဝန်းကျင်ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် လမ်းအများအပြားကို ပိတ်ထားခဲ့ရကြောင်း၊ ဒေသခံများအနေဖြင့်လည်း ဒီဇင်ဘာ ၂၅ ရက်မှစ၍ ဘေးလွတ်ရာကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြရန် လစ်ဗိုက်ဒရီရူက တိုက်တွန်းချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ကြိုတင်ကာကွယ်မှုအနေနဲ့ လူတွေအားလုံး ကုန်းမြင့်ဒေသတွေကိုရွှေ့ပြောင်းကြဖို့ တိုက်တွန်းပါတယ်။ ရေကြီးမှုက တိုးလာနေတာကြောင့် ရွှေ့ပြောင်းမှုနောက်ကျရင် ဒေသခံတွေအတွက်လဲ အန္တရာယ်များပါတယ်"ဟု လစ်ဗိုက်ဒရီရူက ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့အနေဖြင့် ကူညီကယ်ဆယ်ရေးနှင့် ရွှေ့ပြောင်းရေးလုပ်ငန်းများအတွက် အသင့်ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ အကူအညီလိုအပ်သူများအနေဖြင့်လည်း ရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။



ဖီဂျီနိုင်ငံအတွင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိရာ ရေကြီးမှုနှင့် မြေပြိုမှုတချို့ ဖြစ်ပွားလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် သဘာဝဘေး အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးရုံးက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ရုရှားနိုင်ငံ ပင်လယ်နက်အတွင်း ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**မော်စကို ဒီဇင်ဘာ ၂၆**

ရုရှားနိုင်ငံ တောင်ဘက်ပိုင်း ခရက်စ်နိုဒါနယ်မြေနှင့် ထိစပ်နေသည့် ပင်လယ်နက်အတွင်း ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီး ရေနံယိုဖိတ်မှုပမာဏ များပြားသည့်အတွက် ဒီဇင်ဘာ ၂၅ ရက်မှစတင်၍ ရေထုညစ်ညမ်းမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း ခရက်စ်နိုဒါနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေနံယိုဖိတ်မှုသည် ဒီဇင်ဘာ ၁၅ ရက်က ရေနံတင်ဆောင်လာသည့် သင်္ဘောတစ်စင်း၏ ဆိပ်ကမ်းရင့်သင်္ဘောနှစ်စီးမတော်တဆဖြစ်ကာ တင်ဆောင်လာသည့်ရေနံများ ယိုဖိတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေနံယိုဖိတ်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကာ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း ရေနံယိုဖိတ်မှုသည် မျှော်မှန်းထားသည်ထက် ပိုမိုများပြားနေသဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရန် လူအင်အားထပ်မံတိုးမြှင့်ခဲ့ရသကဲ့သို့ အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း ခရက်စ်နိုဒါနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အစကတော့ ယိုဖိတ်တဲ့ရေနံတွေကို ပင်လယ်နက်ရဲ့ ကမ်းခြေအောက်ကို သွားရောက်စုပုံတဲ့ထိ စောင့်ဆိုင်းပြီးမှ ရှင်းလင်းသင့်တယ်လို့ သုတေသီတွေကအကြံပြုခဲ့တယ်။ ကာလတစ်ခုလောက်ထိ စောင့်ဆိုင်းခဲ့ပေမဲ့ ယိုဖိတ်တဲ့ပမာဏများသလို ကာလရှည်သွားရင် အန္တရာယ်ရှိတဲ့အတွက် အခုလို အရေးပေါ်အခြေအနေကြေညာပြီး ရှင်းလင်းရေးလုပ်ငန်းတွေကို စတင်ခဲ့တာ ဖြစ်ပါတယ်"ဟု ခရက်စ်နိုဒါနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဗီနီယာမင်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# စပိန်နိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ခရီးသွားအရေအတွက် ကျဆင်းခဲ့ရ

**မက်ဒရစ် ဒီဇင်ဘာ ၂၆**

စပိန်နိုင်ငံတွင် ယခုနှစ် နိုဝင်ဘာလအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများတွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားအရေအတွက် သိသိသာသာကျဆင်းခဲ့ရကြောင်း အမျိုးသား စာရင်းအင်းအင်စတီကျူက ထုတ်ပြန်သောသတင်းများကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စပိန်နိုင်ငံတွင် ယခုနှစ် နိုဝင်ဘာလအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် နာမည်ကြီး ဗလင်စီယာမြို့၏ ဟိုတယ်များတွင် တည်းခိုသော ခရီးသွားအရေအတွက်ကျဆင်းခဲ့ကြောင်း၊ ဗလင်စီယာမြို့တွင် နိုင်ငံခြားသား ခရီးသွား အရေအတွက်သည်လည်း ယခုလအတွင်း ဟိုတယ်များတွင် ညအိပ်တည်းခိုမှုပေါင်း ၈၀၀၀၀ ကျော်ဆုံးရှုံးခဲ့သည့်အပြင် ပြည်တွင်းခရီးသွား ဦးရေ ၁၄၀၀၀ ခန့်မှာ ဟိုတယ်များတွင် တည်းခိုနေထိုင်မှုနည်းပါးသဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းကိုပါ ထိခိုက်ခဲ့ကြောင်း သိရသည်။

စပိန်နိုင်ငံတွင် ယခုနှစ် အောက်တိုဘာ ၂၉ ရက်က လေဖိအားနည်းရပ်ဝန်း တစ်ခုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ နိုဝင်ဘာလအတွင်း လူ ၂၃၁ ဦး သေဆုံးခဲ့ကာ ကြိုတင်ပြင်ဆင်မှုနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ တုံ့ပြန်မှုများ ညံ့ဖျင်းမှုကြောင့် အခြေအနေကို ပိုမိုဆိုးရွားစေခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများက စွပ်စွဲခဲ့ကြပြီး နိုင်ငံ၏ ခရီးသွားလုပ်ငန်းကိုလည်း ဆိုးရွားစွာထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

အစိုးရအနေဖြင့် ရေလွှမ်းမိုးမှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ လာမည့်လများအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြန်လည်အားကောင်းလာနိုင်သည်ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ရက်ဘ်ခရိုင်နှင့် လစ်ပစ်ခရိုင်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၆**

မလေးရှားနိုင်ငံ ပါဟန်ပြည်နယ် ရက်ဘ်ခရိုင်နှင့် လစ်ပစ်ခရိုင်တို့တွင် ဒီဇင်ဘာ ၂၄ ရက်မှ စတင်၍ မိုးသည်းထန်စွာရွာသွန်းနေပြီး မိုးရေချိန်မြင့်မားသဖြင့် မြစ်ချောင်းဘေးနှင့် ကုန်းနိမ့်ပိုင်းဧရိယာတို့တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဒီဇင်ဘာ ၂၅ ရက်က ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း လစ်ပစ်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လစ်ပစ်ခရိုင် ဘီလီတစ်ခ်ကျေးလက်ဒေသနှင့် လူဘက်ကူလစ် ကျေးလက်ဒေသတို့တွင် ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများမှာလည်း အဆိုပါကျေးလက်ဒေသများမှ ဒေသခံများဖြစ်ကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ဘီလီတစ်ခ်ဗလီတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ နေရာချပေးထားပြီး ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာသို့ ထပ်မံရွှေ့ပြောင်းရဖွယ်ရှိသည့် ဒေသခံ အမြောက်အမြား ရှိနေကြောင်း သိရသည်။

"ဘီလီတစ်ခ်ကျေးလက်ဒေသနဲ့ လူဘက်ကူလစ်ကျေးလက်ဒေသတို့မှာရေကြီးရေလျှံမှုကြောင့် မိသားစု ခုနစ်စုကို ဘေးလွတ်ရာ ရွှေ့ပြောင်း ပေးထားရပါတယ်။ မိသားစု ခုနစ်စုက မိသားစုဝင် ၂၂ ယောက်ကို ဘီလီတစ်ခ်ဗလီ ကျောင်းထဲမှာ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး နေရာချပေးထားပါတယ်။ နောက်ထပ် ဘေးလွတ်ရာရွှေ့ပြောင်းရမဲ့ ဒေသခံတွေရှိနေဆဲဖြစ်ပြီးတော့ ကယ်ဆယ်ရေးစခန်းတွေကိုလဲ ထပ်မံဖွင့်လှစ်ပေးဖို့ စီစဉ်နေပါတယ်"ဟု လစ်ပစ်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

Ref : Russia Today

Trs : Sai Sat

## ဝတ္ထုတိုကလေး

# ဓားပြလေလား ထင်ယောင်မှားသတဲ့

### ထွန်းလှိုင်(မြိုင်)



''ဆရာကြီး ဆရာကြီး''

အိမ်ရှေ့က ခေါ်သံကြား၍ ကြည့်လိုက်သည်။

''ဒေါ်စန်းမြင့်ပါလား။ ဆို ဘာကိစ္စ''

''ဝက်မကြီး ဝက်ကလေးတွေကို နို့မတိုက်လို့ ဆရာ့ကို လာခေါ်တာ''

''နေပါအုံး။ ခါတိုင်းက ဝက်နေမကောင်းရင် ခင်ဗျားရဲ့ လူကြီးက လာခေါ်နေကြပါ။ ဒီနေ့ ဘယ်သဝေထိုးနေလဲ''

''ကိုတင်မောင် ကင်းကျနေလို့ ဆရာရဲ့။ အဲဒါကြောင့် ဆရာ့ဆီ လာတာ''

ရဲဒုတပ်ကြပ် ကိုတင်မောင်နှင့် မစန်းမြင့်တို့ ဇနီးမယားကို ဆရာမောင်တင်ထွေး စလိုက်နောက်လိုက်နှင့် မိသားစုပမာ ရင်းနှီးနေ၏။ ချောက်မြို့နယ် ငွေးပင်ရဲစခန်းတွင် ဆရာမောင်တင်ထွေး မရောက်ခင်ကတည်းက တာဝန်ထမ်းဆောင်နေကြသည်။ သားသမီးဦးရေများ၍ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ဝက် ''မွေးစမ''မွေး၏။ သားခွဲရောင်း၏။ ရောင်းမကုန်လျှင် ဆရာမောင်တင်ထွေးကို ဝက်သင်းခိုင်းပြီးအသားတိုးမွေးကာ ရောင်းသည်။ ဝက်စာကတော့ စခန်းထဲက ရပါပြီ။ ဝက်မမွေးသည့် အိမ်တွေက ဆန်ဆေးရေ၊ ထမင်းကျန်၊ ဟင်းကျန်စုပြီး သားသမီးများ ရှာလာသော ဝက်စာကန်စွန်း၊ ဟင်းနုနယ်၊ ပေါင်းပင်၊ ဘောစကိုင်းရွက်၊ ဒန့်ကျွဲရွက်စသည်တို့နှင့် ကျိုချက်ကျွေး၏။ ဆီးဖတ်၊ နှမ်းဖတ်များကို အကြွေးဝယ်ကျွေး၏။ ဝက်နေမကောင်းလျှင်ဆရာမောင်တင်ထွေး အလကား ကုပေး၏။ ကာကွယ်ဆေး အခမဲ့ထိုးပေး၏။ သူတို့လစာနှင့်မလောက်၍ ဝက်မွေးတာ၊ ဝက်စာအကြွေးဝယ်တာ ဘယ်သို့ ဆေးဖိုးယူရက်ပါ့မလဲ။ ပေးဖို့လည်း မရှိကြ။

စခန်းမှူးက ဦးစံရွှေ။အသားမည်းမည်း၊ အရပ်ပုပု၊ ဖောင်ကြီးသင်တန်းနည်းပြက ပြောင်းလာခြင်းဖြစ်၏။ ကြက်မွေး၏။ ဥစားတော့ မဟုတ်။ အသားစား၊ သားခွဲကြက်၊ ကြက်မီးစအုပ်တွေ စုဝယ်ပြီး တဲဆောက်မွေး၏။ ကြက်ဥကို သားမဖောက်၊ အိမ်မှာစားသည်။ ဘဲလည်း ဆယ်ကောင် မွေးထား၏။ လိုအပ်သည့်အခါ ဆရာမောင်တင်ထွေး ကာကွယ်ဆေး ထိုးပေးရ၏။ စခန်းထဲရောက်လျှင် ကိုတင်မောင်အိမ် ဝက်ဆေးကု၊ စခန်းမှူးအိမ်တွင် ကြက်ဥကြော်နှင့် ရေနွေးသောက်ပြီးမှ အမြဲပြန်ရ၏။ ဒုတပ်ကြပ် ကိုတင်မောင်က အရပ်ရှည်ရှည်၊ အသားဖြူဖြူ (နယ်ထိန်း) တွဲလျှောက်လာလျှင် အရပ်ထဲက လူငယ်တွေက ''ဆိုးပေမောင်မဲ''တို့ လာပြီဟု မကြားတကြား ပြောလေ့ရှိသည်။

အဲဒီအချိန်တုန်းက ဆရာမောင်တင်ထွေးတို့ ဝေးလံသည့်နယ်တွေကို ကာကွယ်ဆေးထိုးထွက်လျှင် အစိုးရပစ္စည်း ကာကွယ်စောင့်ရှောက်ရန်ဆိုကာ ရဲစခန်းက လုံခြုံရေးအကူအညီပေးရ၏။ ဆရာမောင်တင်ထွေး ကျောက်ရဲဒေသကို ကာကွယ်ဆေးထိုးသွားလျှင် စခန်းမှူးသတင်းပို့ပြီး လုံခြုံရေးအမြဲခေါ်၏။ တပ်ကြပ်မောင်မြိုင်နှင့် ဒုတပ်ကြပ်တင်မောင်ကို အမြဲ ထည့်ပေး၏။ ထို့ကြောင့် သူတို့နှင့် ပိုရင်းနှီးနေ၏။ အမှတ်ရစရာလေးများ ထင်ကျန်နေ၏။

ပထမဆုံးခရီးထွက်စဖြစ်၏။ ဆရာမောင်တင်ထွေး၊ တပ်ကြပ်မောင်မြိုင်၊ ဒုတပ်ကြပ်တင်မောင်တို့နှင့်အတူ ကျောက်ရဲကအပြန် နလင်ကန်အရှေ့ရွာ ရွာလူကြီးအိမ်ဝင်လိုက်၏။ အချိန်က ရှစ်နာရီ၊ ရွာကင်းတံခါးအသရွာအဝင်ဝမှာတော့ ဝက်လေးငါးကောင် ဟိုတိုးဒီတိုးနှင့် အစာရှာစားနေကြ၏။ ခွေးသုံးကောင်က ဆရာမောင်တင်ထွေးတို့သုံးယောက်ကို ဟောင်နေ၏။ တပ်ကြပ်မောင်မြိုင်နှင့်ဒုတပ်ကြပ်တင်မောင်တို့က ရဲယူနီဖောင်းချွတ်ပြီး အရပ်ဝတ်နှင့် သေနတ်ကြီးတွေထမ်းလျက် ဆရာမောင်တင်ထွေးက ဆေးလွယ်အိတ်ကိုလွယ်ပြီး ဦးထုပ်ကိုခပ်စိုက်စိုက်ဆောင်းထား၏။ ရွာထဲရောက်တော့ ခွေးတစီစီနှင့် ပွက်လောရိုက်သွား၏။ တစ်အိမ်စ၊ နှစ်အိမ်စ ထွက်ကြည့်ပြီး သူကြီးအိမ် ရောက်သွား၏။

'' သူကြီး ရှိသလား''

မေးလိုက်သည်နှင့် အသက် ငါးဆယ်ကျော် အဒေါ်ကြီးတစ်ယောက် ထွက်လာပြီး ပြူးနေအောင်ကြည့်ကာ–

''အောင်မလေး ကြောက်ပါရဲ့ တော်၊ မ မရှိပါဘူး''

''ဘာမရှိပါဘူးလဲ၊ ရွာထဲဝင်တုန်းက လူတစ်ယောက်က ရှိတယ်လို့ ပြောလိုက်တယ်''ဟု ရဲဘော်တင်မောင်က ထပ်ပြောလိုက်သည်။ အဒေါ်ကြီးနှင့်အတူ သားသမီးတွေက မျက်စိမျက်နှာပျက်နေကြသည်။ ထိုအခါ အကင်းပါးလှသော ဆရာမောင်တင်ထွေးက–

''ကျုပ် တိရစ္ဆာန်ဆေးကုဌာနကပါ။မနက်ဖြန် ရွာထဲကနွားတွေကာကွယ်ဆေးထိုးဖို့ကျောက်ရဲကအပြန်ဝင်လာတာပါ။ ဒီမှာ အိပ်မှာမို့ သူကြီးသာ ခေါ်ပေးပါ''

''မသိပါဘူး ဆရာကြီးတို့ရယ်။ သေနတ်ကြီးတွေထမ်းလာတော့ ကျွန်တော်မျိုးမတွေက ဓားပြတွေမှတ်နေတာ။ ဟိုတလောက ကျောက်ရဲဘက်မှာ ဓားပြတိုက်သွားတာ သေနတ်တွေနဲ့''

''သေဟဲ့ နန္ဒိယ''ဆိုကာ ဆရာမောင်တင်ထွေး နဖူးကို လက်နှင့်ရိုက်လိုက်၏။ ကာကွယ်ဆေးထိုးထွက်တာ လေးငါးရက်ရှိပြီဆိုတော့ထိုအခါမှ မုတ်ဆိတ်မွေးလည်း ရှည်နေတော့ ဆရာနှင့် မောင်တင်ထွေးတို့ သုံးယောက် ဓားပြရုပ်ပေါက်နေသလားမသိ။ ခဏကြာတော့ ကျေးရွာသူကြီး ရောက်လာ၏။ အသက် ငါးဆယ် ကျော် လောက်တော့ရှိလိမ့်မည်ထင်သည်။ အသားညိုညို အရပ်ရှည်ရှည် တဘက်ခေါင်းပေါင်းလျက် အမည်က ဦးသာဒင်တဲ့။

''ခွေးဟောင်သံကြားကတည်းက ကျုပ်က ချောင်းကြည့်နေတာ။ ဆရာတို့က အရပ်ဝတ်နဲ့ သေနတ်ကြီးတွေ ထမ်းလို့ဆိုတော့ ဧကန္တ ဓားပြတွေပဲဆိုပြီး ပုန်းနေတာဗျ''ဟု ဦးသာဒင်က အရိုးခံနှင့် ရှင်းပြနေ၏။

''ကြံကြံဖန်ဖန်ဦးသာဒင်ရယ်။ ကျုပ်တို့က ငွေးပင်ရဲစခန်းကပါ။ နေကပူ ဖုန်ကထူ ချွေးကထွက်တော့ လွတ်လွတ်လပ်လပ် လျှောက်ရအောင်။ ယူနီဖောင်းချွတ်ပြီး ပုဆိုးဝတ်လာတာပါ''

တပ်ကြပ်မောင်မြိုင် ရှင်းပြတော့မှ ဆရာမောင်တင်ထွေး အသိတစ်ခုရလိုက်၏။ အရပ်ဝတ်နှင့် သေနတ်ကိုင်ခြင်းဟာ မသင့်လျော်ပါလားလို့။

ဦးသာဒင်တို့ မိသားစု စိတ်အေးသွားပုံရသည်။ စကားလက်စုံကျ၍ တော်တော်နှင့် မအိပ်ဖြစ်။ မနက်မိုးလင်းအိပ်ရာထတော့ ဆရာမောင်တင်ထွေးက ဦးသာဒင်ကို–

''ဦးလေး အားတော့နာပါရဲ့။ အပေ့ါအလေး သွားရအောင် အိမ်သာ ဘယ်နားမှာလဲ'' ဟု မေးလိုက်၏။

''အပေ့ါသွားချင်ရင် အိမ်နောက်ဖေးပေ့ါဗျာ။ အလေးသွားချင်ရင် ရွာပြင်တောစပ်ပေါ့''ဟု ဆိုချေ၏။

''ဟောဒီမှာ ဆန်ကောတွေ ရှိတယ်ဗျ။ အမျိုးသား၊ အမျိုးသမီး ရွာပြင်ထွက်ရင် ယူသွားကြတာ။ ချောက်တောစပ်ရောက်မှ ဆန်ကောရှေ့ကကာပြီး ကိစ္စပြီးလိုက်တာပဲ''ဟု ဆို၏။

''ဆရာတို့လဲ အလေးသွားချင်ရင် ဆန်ကောယူပြီး အပြင်ထွက်ပေတော့''တဲ့။

''ကောင်းရော့ကွာ။ ကိုင်း ဘယ့်နှယ်ရှိစ၊ ရဲဘော်တင်မောင် အောင့်အည်းထားမလား။ (ကန်တော့ပါရဲ့) ဆန်ကောယူမလား'' ဆိုပြီး ဆရာမောင်တင်ထွေး အဖော်ညှိလိုက်၏။

ရဲဘော်တင်မောင်က ''ညဘက်ဆိုရင် ကောင်းတာပဲ ဆရာရယ်။ ရွာထိပ်ယာခင်းတင် ကိစ္စပြီးလိုက်ရအောင်။ ရွာထဲက ဝက်ကလေးတွေ လေး၊ ငါးကောင်လောက် အစာရှာနေတာတွေ့ခဲ့တယ်''ဟု အရွှန်းဖောက်သည်။ ''ကျုပ်တို့ရွာက ဝက်တွေကတော့ ကျုပ်တို့ရွာသားတွေနဲ့ သံသရာလည်နေတာပါပဲ ဆရာရယ်'' ဟု ဦးသာဒင်က ခပ်နောက်နောက်ပြောလေသည်။

''ကိုင်း အာစရိရေ၊ အချိန်မနှောင်းခင် မနက်ခင်းဒုက္ခကို ရှင်းလိုက်ကြရအောင်'' ဆိုကာ ရဲဘော်တင်မောင်က ဆန်ကောနှစ်ချပ်ယူပြီး ရွာနှင့် ခပ်ဝေးဝေးတောစပ်ကို ထွက်သွားတော့သည်။ တစ်ယောက်နှင့် တစ်ယောက် ဝေးဝေးထိုင်ကာ ကိစ္စပြီးခဲ့ရ၏။

ဆရာမောင်တင်ထွေး ကိုတင်မောင်အိမ်သို့ ဝက်မကြီးဆေးကုရန်အသွား နလင်ကန်အရှေ့ရွာတွင် ကိုတင်မောင်နှင့်အတူ ကြုံတွေ့ခဲ့ရတာလေးကို သတိရနေ၍ ပြုံးစိစိမျက်နှာထားနှင့် ကိုတင်မောင်အိမ်အရောက်''ဘာတွေ သဘောကျလို့ ပြုံးနေတာတုန်း ဆရာရဲ့" ဟုဆိုကာ ဆေးလွယ်အိတ်ယူရင်း ကိုတင်မောင်က နှုတ်ဆက်လိုက်၏။

''ဘာရယ် မဟုတ်ပါဘူး ကိုတင်မောင်ရယ်။ ခင်ဗျားနဲ့ တွေ့ရမှာဆိုတော့ နလင်ကန်အရှေ့ရွာကလေး ဆန်ကောကိစ္စ အမှတ်ရမိလို့ပါ''

ပြောရင်း နှစ်ယောက်သား ရယ်လိုက်ကြ၏။ ဆရာမောင်တင်ထွေးက ဝက်မကြီးအခြေအနေကြည့်ရအောင် ဝက်ခြံထဲ ဝင်လိုက်တော့ စီစီညံနေသည့် ဝက်ကလေးတွေ အသံကြားလိုက်၏။

''ဝက်မကြီး နို့မချလို့ ဆရာရဲ့။ မွေးတာ သုံးရက်ရှိပြီ။ ဒီနေ့မနက်ကျမှ ဝက်ကလေးတွေ နို့မတိုက်တာ။ ဝက်မကြီးက မှောက်လျက်အိပ်ပြီး နို့သီးတွေဖုံးထားတယ်။ အစာလဲ မစားဘူး''

''ထူးထူးခြားခြားဝက်မကြီးဘာလုပ်တာရှိတုံး''

ဝက်မကြီးကို စမ်းကြည့်လိုက်တော့ ကိုယ်ပူနေ၏။ မအီမသာ ဖြစ်နေ၏။ နို့အုံတင်းပြီး နို့သီးခေါင်းတွေ ပျော့နေ၏။ ညှစ်ကြည့်တော့ အရည်ကြည် အနည်းငယ်ထွက်၏။

''လုပ်ပါအုံး ဆရာရယ်။ ဝက်ကလေးတွေက ရှစ်ကောင်တောင် တစ်သုတ်သားခွဲ ဝက်ရောင်းရမှ ကြွေးကျေမှာ''ဟု မစန်းမြင့်က ပြောလေ၏။

အမှန်တော့ ဝက်မကြီးက ရေချိုးတာရယ်၊ လန့်သွားတာရယ်၊ ရာသီဥတုက ပူပြင်းတာရယ်ကြောင့် နို့ခမ်းသလို ဖြစ်သွားခြင်း ဖြစ်၏။ နို့အုံတွေ တင်းနေတော့ နို့ရှိ၏။ ဒါ ဆရာမောင်တင်ထွေးက နို့ထွက်ရန် အောက်စီတိုစင် ဆေးထိုးပေး၏။ အခြား ပဋိဇီဝဆေးတွေလည်း ထိုးပေး၏။ ရေနွေးပတ်လည် အုံပေးရန်ပြောပြီး–

''ကိုင်း ဘာမှ မပူနဲ့တော့ ညနေပိုင်းလောက်ဆို နို့ချမှာပါ'' ဟုဆိုကာ ညနေပိုင်းရောက်မှ မချသေးရင် ဝက်ကလေးတွေကို နို့မှုန့်တိုက်ရန် စီစဉ်ခဲ့၏။

စာမျက်နှာ ၂၄ သို့ ➤

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးမုတ်ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ရက် ထိ ငါးမုတ် ပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းငါးမုတ် ပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေး ကွက်မှာငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒီဘက် ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များ အပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ငါးမုတ်ပိသာ ၁၀ လျှင် ငွေကျပ် ၁၃၀၀၀၀ ထိပေါက်ဈေး ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၆၄၀၃ ဧက ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၆၄၀၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၀၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ပထမပတ်မှစတင်၍ ယနေ့ထိ ရိတ်သိမ်းခဲ့ကြရာ ယခုအခါ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင်ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဖူးစားပြောင်း ၆၄၀၃ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိအချိန်မှာ ရာနှုန်းပြည့်



ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများ အနေဖြင့် တစ်ဧကပေါ်တိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် ဖူးစားပြောင်းကို ယခုထက် ပိုမိုစိုက်ပျိုးသွားကြရန် ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၃ မှအဆက်

ဆေးဆက်ထိုးရန်လည်း မှာကြားပြီး စခန်းမှူးအိမ်ဘက်ကို ကိုတင်မောင်နှင့်အတူ လျှောက်ခဲ့၏။

"လာ ဆရာရေ၊ ကြက်ဥကြော်နဲ့ ရေနွေးသောက်သွားပါအုံး" ဟု စခန်းမှူးက ရေနွေးပွဲ အပြင်ခိုင်းနေ၏။

"ဆရာရေ ကျွန်တော်က မွေးစမ အမြဲမွေးတော့ ဝက်ကလေးတွေ နို့မတိုက်တဲ့အကြောင်း သိထားမှ ဖြစ်မယ်ဆရာ"

ကိုတင်မောင်က စကားစလိုက်၏။

"ဒီလိုရှိတယ် ကိုတင်မောင်ရဲ့။ ဝက်မကြီးတွေမှာ နို့ခမ်းတာ၊ နို့မတိုက်တာက မွေးပြီး နှစ်ရက်သုံးရက်မှာ ဖြစ်တတ်တယ်။ ကိုယ်ဝန်ဆောင်စဉ် အာဟာရပြည့်စုံအောင် အစာမစားရခြင်းကို နို့အုံရောဂါ၊ သားအိမ်ရောင်ရောဂါ၊ ရာသီဥတုပူလွန်းတာ၊ အေးလွန်းတာစတဲ့အခါများမှာဖြစ်တတ်တယ်"

အဲဒီရောဂါ ဖြစ်ပြီဆိုရင်တော့ နို့အုံတွေ မာနေပြီး နို့သီးခေါင်းတွေ ပျော့နေမယ်။ ညှစ်ကြည့်လျှင် အရည်ကြည် နည်းနည်းထွက်မယ်။ ကိုယ်ပူနေမယ်။ အစာမစား၊ ကလေးတွေ နို့မတိုက်ဘဲဝင်ပြီး အိပ်နေမယ်။ ကလေးနို့မတိုက်ရင် စီးပွားရေးအရ နစ်နာနိုင်တယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်စဉ် အာဟာရပြည့်ဝတဲ့ အစာကျွေးရမယ်။ မွေးခါနီးမှ အစာပြောင်းလဲ ကျွေးမွေးတာ မပြုရဘူး။ မမွေးခင် နှစ်ရက်သုံးရက်အလိုတက်ထရာဆိုက်ဂလင်း ဆေးတွေကျွေးထားရင် နို့အုံရောင်ရောဂါ မဖြစ်ဘူးပေါ့။

"မွေးစမ မွေးရတာလဲ တော်တော်ဂရုစိုက်ရတာပဲဗျ။ ကျွန်တော့်ဒေသ ကြက်မွေးသလောက် မလွယ်ပါဘူးဗျာ" ဆိုပြီး စခန်းမှူးက အထွန့်တက်လိုက်၏။

"ဘယ် တိရစ္ဆာန်မွေးမွေး ဂရုမစိုက်ရင်တော့ အကျိုးမပေးဘူး။ ဂရုစိုက်မှ အကျိုးရှိမယ် စခန်းမှူးကြီးရေ"

ဆရာမောင်တင်ထွေး ပြောရင်း ရေနွေးဝိုင်းကို လက်စသတ်ကာ အပြန်လမ်းကို လှမ်းခဲ့ပါတော့သည်။

## နှစ်သစ်သို့

– အေးချမ်းစေ မြန်မာမျိုး
တံဆိပ်တိုး လှပကာ၊
ကျက်သရေ မင်္ဂလာရှိ
ပီတိဝေဆာ၊
ဗုဒ္ဓ၏ အရိပ်မှာ
နေထိုင်ပါ မေတ္တာထား၊
ဖြူစင်လေ စိတ်နှလုံး
ရွှင်ပြုံးစေသား။

– မေတ္တာကို အခြေပြု
ရှေ့သို့ရှု အမုန်းမဝင်၊
တင့်တယ်စွာ ဂုဏ်ရည်မညှိုး
နိုးကြားစေချင်၊
ကူညီခြင်း ပြုအစဉ်
လူ့အမြင် ကောင်းစေသား၊
နိုင်ရာဝန် ပရဟိတဖြင့်
လှပလှုပ်ရှား။

– ကြည်လင်စွာ နှစ်သစ်သို့
လှမ်းကြစို့ အမြဲလေ၊
အေးချမ်းမည် ကိုယ်စိတ်နှစ်ပါး
ခမ်းနားပါစေ၊
ဗုဒ္ဓ၏ အဆုံးအမတွေ
နေထိုင်လေ ကျင့်ကြံမှု၊
မွန်မြတ်မှန် မေတ္တာအကျိုး
တိုးပွားလှပ။ ။

**မောင်မျိုးချစ် (အညာမြေ)**

# ပင်းတယမြို့နယ် ရေပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းကအဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ရေပုတ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်း နှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၈သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေပုတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၈၃ဦးကို ရန်ပုံငွေကျပ်၃၇၈ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# ရေနေသတ္တဝါများကိုထိခိုက်စေသော မိုက်ခရိုပလတ်စတစ်များ

နှင်းအိ(ရာမညမြေ)

မိုက်ခရိုပလတ်စတစ်များ (Microplastics) ဆိုသည်မှာ သမုဒ္ဒရာများတွင်ရှိပြီး အရွယ်အစား ငါးမီလီမီတာအောက်ရှိသော ပလတ်စတစ် အမှုန်အမွှားများဖြစ်သည်။ ထိုမိုက်ခရိုပလတ်စတစ် များကြောင့် ပင်လယ်သမုဒ္ဒရာရှိ ရေနေသတ္တဝါ များ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိပြီး အစာကွင်းဆက်ကိုလည်း ဆိုးရွားစွာအန္တရာယ်ပေး လျက်ရှိသည်။ ထို့ကြောင့်လည်း ၎င်းတို့ကို ပင်လယ် ထဲက အသံတိတ်လူသတ်သမားဟု တင်စား ခေါ်ဝေါ်ကြသည်။

**မိုက်ခရိုပလတ်စတစ်များဖြစ်ပေါ်လာပုံ**

စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှုအားနည်းခြင်းသည် မိုက်ခရိုပလတ်စတစ်များဖြစ်ပေါ်လာပုံနှင့် တိုက်ရိုက် ဆက်နွှယ်နေသည်ကို သတိပြုရမည်။ ထိုအမှိုက် များ ရေထုထဲသို့ ရောက်လာပုံရောက်လာနည်း သုံးမျိုးရှိသည်။ လူသားတို့၏အမှိုက်များကို ရေထုထဲ သို့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း မဆင်မခြင်စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ကြောင့် ရောက်ရှိလာရခြင်း၊ သဘာဝ ဘေးအန္တရာယ်များကြောင့် ရေထုထဲသို့ ဝင်ရောက် လာခြင်း (ဥပမာအားဖြင့်- မိုးရွာခြင်း၊ လေပြင်းတိုက် ခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း) လူသားများ အဝတ် လျှော်သည့်အခါ အထူးသဖြင့် စက်ဖြင့် အဝတ်လျှော် သည့်အခါ အဝတ်အထည်များ လျှော်ဖွပ်ခြင်းတို့ ကြောင့် ပလတ်စတစ်ဖိုင်ဘာအမျှင်လေးများထွက် ရှိလာပြီး ရေဆိုးထုတ်ခြင်းမှတစ်ဆင့် မြောင်းထဲသို့ ရောက်ရှိကာ နောက်ဆုံးပင်လယ်သမုဒ္ဒရာထဲသို့ ရောက်သွားပြီး မိုက်ခရိုပလတ်စတစ်များအဖြစ်သို့ ပြောင်းလဲသွားသည်။

၎င်းဖိုင်ဘာတို့သည် များသောအားဖြင့် ပိုလီအီစတာနှင့် နိုင်လွန်များဖြင့် ပြုလုပ်ထားပြီး ရေဆိုး အဖြစ်စွန့်ထုတ်ခြင်းဖြင့် ပါဝင်သွားလေ့ရှိသည်။ ထိုမျှသာမက လူသားတို့ နေ့စဉ်အသုံးပြုနေကြသည့် တစ်ကိုယ်ရည်သုံး အလှကုန်ပစ္စည်းများဖြစ်သည့် သွားတိုက်ဆေး၊ ကိုယ်တိုက်ဆပ်ပြာအမျိုးအစားများ ထဲတွင် သေးငယ်သော ပလတ်စတစ်အမှုန်အမွှား များပါဝင်သည်။ ၎င်းတို့ကို ရေနှင့်အတူ ဆေးကြော လိုက်သည့်အခါ မြောင်းရေများမှတစ်ဆင့် သဘာဝ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များ အပေါ် ဆိုးကျိုးများစွာ ဖြစ်ပေါ်လျက်ရှိသည်။

တစ်နည်းနည်းဖြင့် ရေထုထဲသို့ရောက်ရှိလာသော စွန့်ပစ်ပလတ်စတစ်အမှိုက်များတွင် ရေသန့်ဘူးခွံ များ၊ ပလတ်စတစ်အိတ်များ၊ တစ်ခါသုံးခွက်၊ ပန်းကန်များ၊ ပလတ်စတစ်ဇွန်း၊ ခက်ရင်းများ၊ ပိုက်များနှင့် ဆေးလိပ်ဖင်ဆီခံများ စသည့် ပစ္စည်းများ အများဆုံးဖြစ်သည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန် ၃၈၁ သန်းကို စွန့်ထုတ်နေပြီး ၂၀၃၄ ခုနှစ်တွင် နှစ်ဆတိုးလာ နိုင်ကြောင်း လေ့လာချက်များအရ သိရသည်။ ၎င်းစွန့်ပစ်ပစ္စည်းများသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ မြောင်းတို့မှတစ်ဆင့် ပင်လယ်သမုဒ္ဒရာသို့ ရောက်ရှိပြီး နေရောင်ခြည်၊ ပင်လယ်လေနှင့် ဆားငန်ရည်တို့ဖြင့် ထိတွေ့မှုအချိန်ကြာမြင့်သည့် အခါ သေးငယ်သော ပလတ်စတစ်အမှုန်အမွှား အဖြစ် ကွဲထွက်သွားသည်။

ယနေ့တွင် သမုဒ္ဒရာအတွင်းရှိ မိုက်ခရိုပလတ် စတစ်အရေအတွက်ကို အတိအကျခန့်မှန်းရန် ခက်ခဲ သော်လည်း အချို့သော လေ့လာမှုများအရ မိုက်ခရို ပလတ်စတစ်များကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိနိုင် ပြီး သမုဒ္ဒရာအားလုံးတွင် တွေ့ရှိနိုင်သည်ဟု လေ့လာမှုများက ဖော်ပြနေကြသည်။ Condor ferries UK ၏ ထုတ်ပြန်ချက်အရ ယခုအခါ သမုဒ္ဒရာထဲတွင် မက်ခရိုနှင့် မိုက်ခရိုပလတ်စတစ် အပိုင်းအစ ၅ ဒသမ ၂၅ ထရီလီယံရှိပြီး သမုဒ္ဒရာ၏ စတုရန်းမိုင်တိုင်းတွင် အပိုင်းအစ ၄၆၀၀၀ ရှိကာ တန်ချိန် ၂၆၉၀၀၀ ထိ ရှိနိုင်သည်ဟု ခန့်မှန်းထား သည်။ ထို့ပြင် နေ့စဉ် ပလတ်စတစ်အပိုင်းအစ ရှစ်သန်းခန့်သည်လည်း သမုဒ္ဒရာများထဲသို့ စိမ့်ဝင်လျက်ရှိသည်။ ပင်လယ်ထဲတွင် မျောပါနေ သော ပလတ်စတစ်အမှိုက်ပင်လယ်လှိုင်းကြီးသည် စတုရန်းကီလိုမီတာ ၁ ဒသမ ၆ မီလီယံအကျယ်ရှိပြီး အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ထက် ပိုမို



ကြီးမားလျက်ရှိသည်။

ကမ္ဘာပေါ်တွင် တစ်မိနစ်ကို ပလတ်စတစ်အိတ် တစ်သန်းစွန့်ပစ်လျက်ရှိပြီး ပင်လယ်ပျော်ငှက်များနှင့် ရေနေသတ္တဝါများသည် ပင်လယ်ထဲရှိ ပလတ်စတစ် အမှိုက်များကြောင့် နှစ်စဉ် သေဆုံးလျက်ရှိသည်။

**သဘာဝပတ်ဝန်းကျင်အပေါ် မိုက်ခရိုပလတ်စတစ်များ၏ဆိုးကျိုးများ**

မိုက်ခရိုပလတ်စတစ်များ၏ ဆိုးကျိုးကို ခံစား ရသည်မှာ တောရိုင်းတိရစ္ဆာန်များလည်းပါဝင်သည်။ အထူးသဖြင့် ရေနေသတ္တဝါများ၏ အသက် အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည်။ မိုက်ခရို ပလတ်စတစ်များကို တိရစ္ဆာန်များက အစားအစာ အဖြစ် လွဲမှားပြီး စားသုံးမိကြသည်။ ထိုအခါ မိုက်ခရိုပလတ်စတစ်များသည် အစာခြေပြဿနာ များ၊ အသက်ရှူကျပ်ခြင်းကဲ့သို့သော ရုပ်ပိုင်း ဆိုင်ရာထိခိုက်မှုများ ဖြစ်စေနိုင်သည်။ မိုက်ခရို ပလတ်စတစ်များသည် တိရစ္ဆာန်များ၏ တစ်ရှူးများ တွင်လည်း စုပုံနိုင်ပြီး ၎င်းတို့၏ ကျန်းမာရေးနှင့် မျိုးပွားမှုတို့ကို ထိခိုက်စေကာ တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမှုနှင့် ရင်ဆိုင်နေရသည်။ ဂေဟစနစ်များ ယိုယွင်းပျက်စီးလာခြင်းဖြစ်သည်။ မိုက်ခရို ပလတ်စတစ်များသည် ဂေဟစနစ်တစ်ခုလုံးကို ထိခိုက်စေနိုင်သည်။ သမုဒ္ဒရာထဲတွင် မိုက်ခရို ပလတ်စတစ်အနည်အနှစ်များ စုပုံလာကာ အဏ္ဏဝါသက်ရှိများ၏ အပြုအမူကို ထိခိုက်စေပြီး ဂေဟစနစ်၏ ဖွဲ့စည်းပုံကို ပြောင်းလဲစေသည်။

မိုက်ခရိုပလတ်စတစ်များသည် ပလတ်စတစ် ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ၊ သို့မဟုတ် ပလတ်စတစ်ပေါ်သို့ စုပ်ယူထားသော ညစ်ညမ်းစေသည့် ဓာတုပစ္စည်းများကို ထုတ်လွှတ်နိုင် ပြီး အဏ္ဏဝါသက်ရှိများ၏ ကျန်းမာရေးနှင့် ပိုမို ကျယ်ပြန့်သောဂေဟစနစ်ကို ထိခိုက်စေနိုင်သည်။

မိုက်ခရိုပလတ်စတစ်များသည် ရေအရည် အသွေးကိုလည်း ထိခိုက်စေနိုင်သည်။ လူနှင့် တိရစ္ဆာန်ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသည့် အပြင် မိုက်ခရိုပလတ်စတစ်များသည် ရေစနစ်များ တွင် အဆိပ်အတောက်များ စုပုံလာစေရန် ကူညီ ပေးနိုင်သည်။

**လူသားတို့၏ ကျန်းမာရေးအပေါ် မိုက်ခရိုပလတ်စတစ်များ၏ဆိုးကျိုးများ**

မိုက်ခရိုပလတ်စတစ်များ၏ လူ့ကျန်းမာရေးနှင့် ပတ်သက်သော အထင်ရှားဆုံးစိုးရိမ်စရာတစ်ခုမှာ စားသုံးမိခြင်းဖြစ်သည်။ လေ့လာမှုစစ်တမ်းများအရ မိုက်ခရိုပလတ်စတစ်များကို သောက်သုံးရေ၊ ပင်လယ်စာများနှင့် ရှူသွင်းနေသည့် လေထဲ တွင်ပင် တွေ့ရှိနိုင်သည်။ စားသုံးမိသောအခါ မိုက်ခရို ပလတ်စတစ်များသည် လူ့ခန္ဓာကိုယ်အတွင်း စုပုံလာနိုင်ပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ လူ့ကျန်းမာရေးအပေါ် မိုက်ခရိုပလတ်စတစ်များ၏ ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ အပြည့်အစုံကို လေ့လာနေဆဲဖြစ်သော်လည်း မိုက်ခရိုပလတ်စတစ်များသည် အဆိပ်အတောက် ဖြစ်စေနိုင်ပြီး အစာခြေစနစ်ကို အနှောင့်အယှက် ဖြစ်စေသည်။

မိုက်ခရိုပလတ်စတစ်များသည် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေပြီး လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ မိုက်ခရို ပလတ်စတစ်များကို လေထဲသို့ ထုတ်လွှတ်လိုက် သောအခါ ၎င်းတို့ကို ရှူသွင်းနေရသောကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ယားယံခြင်း သို့မဟုတ် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများထိ ဖြစ်စေနိုင်သည်။ အထူးသဖြင့် မိုက်ခရိုပလတ်စတစ်များကို ထုတ်လုပ်မှု သို့မဟုတ် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲရေးကဲ့သို့သော မိုက်ခရို ပလတ်စတစ်များကို အသုံးများသည့် စက်မှုလုပ်ငန်း များတွင် လုပ်ကိုင်ကြသူများနှင့် အထူးသက်ဆိုင်သည်။

မိုက်ခရိုပလတ်စတစ်များကြောင့် လူသားများ၏ မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင် သည်။ ပလတ်စတစ်များတွင် တွေ့ရသော ဓာတု ပစ္စည်းတချို့နှင့် ထိတွေ့ခြင်းသည် မျိုးပွားမှုဆိုင်ရာ ပြဿနာများကို ဖြစ်စေနိုင်ကြောင်း လေ့လာမှုများက ဖော်ပြကြသည်။ မျိုးပွားမှုကျန်းမာရေးအပေါ် မိုက်ခရိုပလတ်စတစ်များ၏ အကျိုးသက်ရောက်မှု အတိုင်းအတာအပြည့်အစုံကို လေ့လာနေဆဲဖြစ် သော်လည်း ပတ်ဝန်းကျင်တွင် မိုက်ခရိုပလတ်စတစ် များရှိနေခြင်းသည် အဆိုပါပြဿနာများကို အထောက်အကူဖြစ်စေနိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ရှိနေသည်။

မိုက်ခရိုပလတ်စတစ်များသည် ပလတ်စတစ် ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ၊ သို့မဟုတ် ပလတ်စတစ်က စုပ်ယူထားသော ညစ်ညမ်းစေသည့် ဓာတုပစ္စည်းများကို ထုတ်လွှတ် ခြင်းဖြင့်လည်း လူ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေ နိုင်သည်။ မိုက်ခရိုပလတ်စတစ်များကို မျိုချမိသော အခါ သို့မဟုတ် ရှူသွင်းလိုက်သောအခါ ဤဓာတု ပစ္စည်းများသည် အဆိပ်များအဖြစ် ပြောင်းလဲကာ လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

**မိုက်ခရိုပလတ်စတစ်များကို လျှော့ချခြင်းနည်းလမ်းများ**

အထိရောက်ဆုံးနှင့် အရိုးရှင်းဆုံးသောဖြေရှင်း နည်းမှာ ပလတ်စတစ်ပစ္စည်းများကို လျှော့ချ သုံးစွဲခြင်းပင် ဖြစ်သည်။ ပြန်သုံးနိုင်သော အိတ်များ၊ ဖန်ပုလင်းများကို အသုံးပြုခြင်း၊ မီးဖိုချောင်သုံး ပလတ်စတစ်များကို ရှောင်ကြဉ်ကာ ထုပ်ပိုးမှုနည်း သောထုတ်ကုန်များကို ရွေးချယ်ခြင်းဖြင့် ပလတ်စတစ်သုံးစွဲခြင်းကို လျှော့ချနိုင်သည်။

ပလတ်စတစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းသည် ပင်လယ်သမုဒ္ဒရာထဲသို့ ရောက်ရှိ ခြင်းကို ကာကွယ်တားဆီးနိုင်သည်။ ပလတ်စတစ် ထုတ်ကုန်များကို ပြန်လည်အသုံးပြုခြင်း၊ သတ်မှတ် ထားသောအမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်ခြင်း နှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ် ခြင်းတို့ဖြင့်လည်း ကာကွယ်တားဆီးနိုင်သည်။

ရေရှည်တည်တံ့သောပစ္စည်းများနှင့် ပြုလုပ် ထားသည့် ကုန်ပစ္စည်းများကို ရွေးချယ်ပြီး ပလတ်စတစ်ထုပ်ပိုးမှုအနည်းဆုံးဖြင့် သမုဒ္ဒရာ ထဲသို့ ရောက်ရှိနိုင်သော ပလတ်စတစ်အမှိုက် ပမာဏကို လျှော့ချနိုင်မည်ဖြစ်သည်။ အထိရောက် ဆုံးသော ရုပ်ရှင်အခြေပြုချဉ်းကပ်နည်းများထဲမှ တစ်ခုမှာ ပတ်ဝန်းကျင်နှင့် လူသားများ၏ ကျန်းမာ ရေးအပေါ် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှု၏ သက်ရောက်မှုများအကြောင်း ပညာပေးမှုနှင့် အသိပညာများတိုးမြှင့်ပေးရန်ဖြစ်သည်။ ၎င်းတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချခြင်း၊ ပလတ်စတစ် အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်းနှင့် ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချရေးမူဝါဒများကို ပံ့ပိုးပေးခြင်း ကဲ့သို့သော ရေရှည်အလေ့အကျင့်များကို မြှင့်တင် ရန်အတွက် အများပြည်သူဆိုင်ရာ၊ သတင်း အချက်အလက်ဆိုင်ရာ လှုပ်ရှားမှုများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် ရုပ်ရှင်ဟောပြောပွဲများတွင် ဟောပြောခြင်းတို့ဖြင့် လူထု၏စိတ်ပါဝင်စားမှုကို ဆွဲဆောင်နိုင်သည်။

ရုပ်ရှင်သန့်ရှင်းရေးလှုပ်ရှားမှုများသည် မိုက်ခရို ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရာတွင်လည်း ထိရောက်မှုရှိနိုင်သည်။ ဤလှုပ်ရှားမှုများတွင် ကမ်းခြေများ၊ မြစ်ကမ်းပါးများနှင့် ပလတ်စတစ် အမှိုက်များစုပုံနေသည့် အခြားနေရာများမှ ပလတ် စတစ်အမှိုက်များစုဆောင်းသည့် စေတနာ့ဝန်ထမ်း များ ပါဝင်နိုင်သည်။ ဤကြိုးပမ်းမှုများတွင် ရုပ်ရှင် လူထုများပါဝင်ခြင်းဖြင့် ၎င်းတို့သည် ပြဿနာကို ပိုမိုသိရှိနားလည်လာပြီး အနာဂတ်တွင် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်အတွက် အရေးယူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ပညာရေး၊ သန့်ရှင်းရေး လှုပ်ရှားမှုများနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်ကောင်းများကို ပံ့ပိုးပေးခြင်းများ ပါဝင်သည့် ရုပ်ရှင်အခြေပြုချဉ်းကပ်နည်းများသည် မြန်မာနိုင်ငံရှိ မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင် လျက်ရှိသည်။ ပြည်သူနှင့်အတူ တာဝန်ရှိသူများ၊ အရပ်ဘက် NGO အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လူမှုအသိုင်းအဝိုင်း သည် ‘ပင်လယ်ထဲက အသံတိတ်လူသတ်သမား’ဟု ခေါ်သည့် မိုက်ခရိုပလတ်စတစ်များကို ကာကွယ်နိုင် မည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၈)**
- **ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၄)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဘိုကလေးမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ



**ဘိုကလေး ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ထွေးထွေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပင်လယ် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်များကို စနစ်တကျထုတ်လုပ်ပြီး ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက်များမှာ ဒီဇင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၂၀၀ မှ ပိဿာချိန် ၃၅၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ပင်လယ်ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဇင်ဘာလဒုတိယပတ်လောက်ကတည်းက အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ အခု ငါးကွမ်းရှပ်ခြောက် ဈေးကလဲ အနည်းငယ်ကောင်းလာပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေ အပါအဝင် ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေတာကြောင့်ပါ။ ပိုမိုရောင်းအားကောင်းနေတာကတော့ ငါးကွမ်းရှပ်ခြောက်ပါ"ဟု ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ထွေးထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးပိ၊ ငါးခြောက်များပြုလုပ်ပြီး ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## ငဖဲမြို့နယ် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ စည်သာကျေးရွာအုပ်စု စည်သာကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စည်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ရန်ပုံငွေကျပ် ၃၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ရန်ပုံငွေကျပ် ၅၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ရန်ပုံငွေ ၃၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

ခရီးသွားဆောင်းပါး

# ကွမ်းခြံကုန်းမြေနှင့် ဆယ်အိမ်တန်းကမ်းခြေ

သက်နိုင်(ပြင်ဦးလွင်)

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြစ်တစ်ဖက်ကမ်း ဒလမြို့ကနေ မနက်စောစောလာခဲ့ရာ တွံတေးမြို့နဲ့ ကော့မှူးမြို့မှာရှိတဲ့ ဘုရားစေတီတွေ၊ အထင်ကရနေရာတွေကို ဖူးမြော်လည်ပတ်ခဲ့ပြီး အခုဆက်လက်ပြီး မြို့ခံ၊ နယ်ခံစာရေးဆရာတွေရဲ့ ညွှန်ပြ၀တ်ကျေပွန်မှုနဲ့ လိုက်လံပို့ဆောင်ပေးမှုတွေကြောင့် လင်းလွန်းတစ်ထောင်ဘုရားရှိရာကို ဖူးမြော်ပါအုံးမယ်။ လင်းလွန်းတစ်ထောင်ဘုရားက မြို့တွင်းမှာမဟုတ်ဘဲ ရော်ဘာခြံတွေထဲကနေ တောလမ်းလေးအတိုင်း မောင်းနှင်ဝင်ရောက်လာခဲ့ရတယ်။ မုံရွာမြို့ ဗောဓိတစ်ထောင်ဘုရားဆိုတာက ဗောဓိညောင်ပင်ပေါင်းတစ်ထောင်အောက်မှာ အသီးသီးစံပွယ်တော်မူနေကြတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေပါ။ မိမိတို့ပြင်ဦးလွင်မြို့မှာ ကံ့ကော်တစ်ထောင်ဘုရားဆိုတာ စီတန်းစိုက်ပျိုးထားတဲ့ ကံ့ကော်ပင်တွေအောက်မှာရှိနေတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ထောင်ပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဗောဓိပင်တစ်ထောင်၊ ရုပ်ပွားတော်တစ်ထောင်၊ ကံ့ကော်ပင်တစ်ထောင်ပါ။ အခုလဲ လင်းလွန်းပင်တစ်ထောင်အောက်မှာ ဗုဒ္ဓရုပ်ပွားတော်တစ်ထောင်ရှိနေကြတယ်။ ဒါကြောင့် လင်းလွန်းတစ်ထောင်ဘုရားလို့ ခေါ်ဆိုကြတာပါ။

လင်းလွန်းတစ်ထောင်ဘုရားမှာ ဖူးမြော်လေ့လာပြီးတာနဲ့ ဆံတော်ကြို၊ ကျိုက်တဂိုးနွတ် ခေါ်ဒေးစွန်းပါစေတီတော်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ စေတီတော်ကိုရောက်တဲ့အခါ ကျန်တဲ့ခရီးဖော်တွေက ကားပေါ်ကနေ မဆင်းကြတော့တာကြောင့် မိမိနဲ့မြို့ခံစာရေးဆရာနှစ်ယောက်တည်းပဲ မြန်မြန်ဖူးမြော်ကာ မြန်မြန်ပြန်လာခဲ့ကြရတယ်။ မနက်ကတည်းက ဘုရားစေတီပေါင်းမြောက်မြားစွာကို ဆက်တိုက်ဖူးမြော်နေကြရတာရယ်၊ နေ့လယ်ပိုင်း ရာသီဥတုအပူဒဏ်တွေကြောင့် ခရီးဖော်အများစုက ပင်ပန်းနွမ်းနယ်စပြုနေကြပါပြီ။ ဒါပေမဲ့ မြို့ခံစာရေးဆရာက ဆံတော်ကြိုကျိုက်တဂိုးစေတီကနေ ပြန်ထွက်လာပြီးတဲ့အချိန်မှာ မဟာတိလောကမှန်ကူကြေးသွန်းဘုရားကြီးကို ထပ်မံပို့ဆောင်ပေးပြန်ပါတယ်။ ကြေးသွန်းဘုရားကြီးက ကွမ်းခြံကုန်းမြို့ရဲ့အထင်ကရ ဘုရားတစ်ဆူဖြစ်ပြီး နာမည်ကျော်ကြား တန်ခိုးကြီးလှတာကြောင့် ခရီးဖော်တွေအားလုံး အတူတကွလိုက်ပါဖူးမြော်ခဲ့ကြတယ်။ ကြေးသွန်းဘုရားကြီးကို ၁၉၀၅ ခုနှစ်က သွန်းလုပ်ခဲ့တာဖြစ်ပြီး မဟာမုနိရုပ်ပွားတော်တွေအတိုင်း ဖူးမြော်နေရတယ်။ ဘုရားဖူးညွှန့်သည်တွေ ရှင်းလင်းနေတယ်။ ဘုရားဝင်းထဲမှာတော့ ဘုရားဖူးညွှန့်သည်တွေ ရှင်းလင်းနေတယ်။ မန္တလေးမြို့ မဟာမုနိရုပ်ပွားတော်ကြီးနဲ့ပုံစံတူ ရုပ်ပွားတော်ကြီးတွေအထဲမှာ မိမိသတိရမှတ်မိသလောက် ကျိုင်းတုံမြို့က မဟာမုနိရုပ်ပွားတော်ကြီး၊ သီပေါမြို့က မဟာမုနိရုပ်ပွားတော်ကြီး၊ ပြည်မြို့တစ်ဖက်ကမ်း ပန်းတောင်းမြို့က ရုပ်ပွားတော်ကြီးတွေကို မှတ်မိနေတယ်။ မိမိတို့ပြင်ဦးလွင်မြို့မှာလဲ မဟာမုနိရုပ်ပွားတော်ကြီး ရှိနေပါတယ်။

ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူကြေးသွန်းဘုရားကြီးကို ဖူးမြော်ပြီးချိန်မှာ မြို့ခံစာရေးဆရာက ဆယ်အိမ်တန်းပင်လယ်ကမ်းခြေကို လိုက်လံပို့ဆောင်ပေးမယ်ဆိုတာကြောင့် ခရီးဖော်တွေအားလုံးက စိတ်ဝင်စားသွားကြတယ်။ မိမိကလွဲပြီး ကျန်တဲ့ခရီးဖော်အများစုက ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတွေရှိရာကို မရောက်ဖူးသေးကြပါဘူး။ အခုခရီးစဉ်မှာ ငွေဆောင်၊ ချောင်းသာ ပင်လယ်ကမ်းခြေတွေကို သွားရောက်ကြမယ်ဆိုတာကို သိရှိတာကြောင့်သာ လိုက်ပါလာကြတာဖြစ်ပါတယ်။ မရောက်ဖူးသေးတဲ့သူတွေအတွက်ကော၊ ရောက်ဖူးနေကြသူတွေအတွက်ကော ပင်လယ်ကမ်းခြေဆိုတာ ပျော်ရွှင်စရာကောင်းတဲ့နေရာတစ်ခုဖြစ်နေပါတယ်။ ဒါကြောင့်လဲ ဆယ်အိမ်တန်းကိုသွားရောက်ကြမယ်ဆိုတဲ့အချိန်မှာ ခရီးဖော်တွေက စိတ်ဝင်စားသွားကြတာထက်ပိုပြီး ပျော်ရွှင်ဝမ်းသာသွားကြတာကို သတိထားလိုက်မိတယ်။ ဆယ်အိမ်တန်းကမ်းခြေကို ကွမ်းခြံကုန်းမြို့ကနေ သွားမယ်ဆိုရင် ဘိုဒင်ဆိုတဲ့ လမ်းဆုံအထိ ၁၁ မိုင် သုံးဖာလုံ၊ ဘိုဒင်ကနေ လက်ခုပ်ကုန်းကမ်းခြေကို ကိုးမိုင်သွားရောက်ပြီးမှ ဆယ်အိမ်တန်းကမ်းခြေရှိရာကို ဆက်လက်သွားကြရအုံးမှာပါ။ ဒါကြောင့် ကွမ်းခြံကုန်းနဲ့




ဆယ်အိမ်တန်းကမ်းခြေက မိုင် ၂၀ ကျော်ဝေးကွာနေပြီး လက်ခုပ်ကုန်းနဲ့ ဆယ်အိမ်တန်းက မဝေးတော့ဘူးလို့ သိထားရတယ်။

ဒါပေမဲ့ မြို့ခံစာရေးဆရာမိတ်ဆွေက ဆယ်အိမ်တန်းကမ်းခြေကိုသွားတဲ့ခရီးလမ်းမှာ ကိုးဆူဘုရားကြီး၊ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဘုရား ကျောက်ဆူငြိစေတီ စတဲ့ဘုရားစေတီတွေရှိရာကို ဝင်ရောက်ပို့ဆောင်ပေးပါသေးတယ်။ ကော့မှူး၊ ကွမ်းခြံကုန်း စတဲ့မြို့တွေမှာ ရှေးဟောင်းဘုရားစေတီတွေကော၊ ဘုရားသစ်စေတီသစ်တွေကော အလွန်များပြားတာကို ကြုံဆုံတွေ့မြင်ဖူးမြော်နေကြရပါတယ်။

ကွမ်းခြံကုန်းမြို့ကနေ ဆယ်အိမ်တန်းကမ်းခြေကိုသွားတဲ့လမ်းတစ်လျှောက်မှာ လယ်ကွင်းတွေ၊ ချောင်းတွေ၊ မြောင်းတွေ၊ အုန်းပင်တွေ၊ ထန်းပင်တွေ၊ ကျေးရွာငယ် လေးအချို့ကိုသာ တွေ့မြင်နေရတယ်။

လမ်းအခြေအနေက ကတ္တရာလမ်းတွေ၊ ကွန်ကရစ်လမ်းတွေ ကျဉ်းပေမဲ့ လမ်းကောင်းပါ။ အရင်လက်ခုပ်ကုန်းကမ်းခြေနာမည်ကျော်ထင်ရှားခဲ့စဉ်က အသွားအလာ အလွန်များခဲ့ကြမယ်ထင်ပါတယ်။ အခုအချိန်မှာ အသွားအလာနည်းပါးသွားပြီး ရှင်းလင်းနေသလို အချို့လမ်းတွေနဲ့ လမ်းဘေးတွေမှာ မြက်ပင်၊ ပေါင်းပင်၊ ချုံပင်တွေပေါက်ရောက်နေတာကို တွေ့မြင်နေရတယ်။ ဒ့ါပြင် လမ်းရဲ့အသုံးပြုမှုကလဲ လက်ခုပ်ကုန်းနဲ့ ဆယ်အိမ်တန်းကမ်းခြေကိုသွားတဲ့ ခရီးလမ်းဆုံးတစ်ခုဖြစ်နေပြီး အရင်က ကျော်ကြားထင်ရှားခဲ့တဲ့ လက်ခုပ်ကုန်းကမ်းခြေက ပျက်စီးသွားခဲ့ရပြီး အခုရှိနေတဲ့ ဆယ်အိမ်တန်းကမ်းခြေကလဲ လူကြိုက်နည်းတာကြောင့် လေ့လာလည်ပတ်သွားလာကြသူတွေ အလွန်နည်းပါးနေတယ်။ ဒီအကြောင်းကို မြို့ခံစာရေးဆရာကို မေးမြန်းတော့ လက်ခုပ်ကုန်းကမ်းခြေက ပင်လယ်ရေ နှစ်မိုင်လောက်နောက်ကို ဆုတ်သွားခဲ့ကြောင်း၊ ပင်လယ်ရေတွေ နောက်ဆုတ်သွားလို့ ကျန်ခဲ့တဲ့ သဲမြေပြင်တွေပေါ်မှာ ပင်လယ်ကဗွီးပင်တွေက သဘာဝအလျောက် တောဖြစ်အောင် ရှင်သန်ပေါက်ရောက်လာကြကြောင်း၊ ဒ့ါပြင် အခုရှိနေတဲ့ လက်ခုပ်ကုန်းကမ်းခြေအနီးက ဆယ်အိမ်တန်းကမ်းခြေဆိုတာကလဲ ဧရိယာကျဉ်းမြောင်းပြီး သန့်ရှင်းကြည်လင်မှုမရှိတဲ့ ရေတွေထဲမှာ ဘယ်သူမှ ရေချိုး၊ ရေကစားတာတွေ မလုပ်လိုကြကြောင်းနဲ့ လက်ခုပ်ကုန်းကမ်းခြေပျက်စီးသွားခဲ့ပြီး နောက်ထပ်အသစ်ထပ်မံ ပေါ်ပေါက်လာတဲ့ ချောင်းသာကမ်းခြေကိုသာ အသွားအလာများပြားနေကြကြောင်း ရှင်းလင်းပြောပြနေလို့ ချောင်းသာကမ်းခြေက လက်ခုပ်ကုန်း ပျက်သွားပြီးတဲ့နောက်ပိုင်းမှ ပေါ်ပေါက်လာတယ်ဆိုတာကို ဗဟုသုတအဖြစ်သို့ သိရှိလိုက်ရပြန်တယ်။

စကားပြောရင်း၊ ကားမောင်းရင်း၊ ပတ်ဝန်းကျင်က ရှုခင်းတွေကို လေ့လာကြည့်ရှုရင်းနဲ့ မကြာခင်မှာ လမ်းဘေးဝဲယာတစ်လျှောက် အုန်းပင်တွေ စီတန်းပေါက်ရောက်နေတဲ့ လက်ခုပ်ကုန်းကမ်းခြေအဝင်ကို ရောက်လာခဲ့ကြတယ်။ အရင်က အလွန်လှပခဲ့တယ်ဆိုတဲ့ လက်ခုပ်ကုန်းကမ်းခြေအဝင်လမ်းက အခုအချိန်မှာ လှပမှုမရှိတော့ပါဘူး။ တစ်ချိန်က အလွန်လှပစည်ကားကျော်ကြားခဲ့ပါတယ်ဆိုတဲ့ လက်ခုပ်ကုန်းကမ်းခြေရဲ့အနေအထားတွေကို အခုအချိန်မှာ ပျက်စီးမှုတွေ၊ တိတ်ဆိတ်ခြောက်ကပ်မှုတွေနဲ့ တွေ့မြင်နေရတာကြောင့် ကံကြမ္မာရဲ့အလှည့်အပြောင်း၊ ဘယ်အရာမှမမြဲဆိုတဲ့ တရားသဘောကို ဆင်ခြင်တွေးတောနေမိလိုက်ရတယ်။

လက်ခုပ်ကုန်းကမ်းခြေက ဟိုတယ်နေရာတွေကို ကျော်လာတာနဲ့ မြို့ခံစာရေးဆရာက သစ်ပင်စိမ်းစိမ်းတောအုပ်တစ်ခုကို လက်ညှိုးထိုးညွှန်ပြပြီး အဲဒီနေရာက လက်ခုပ်ကုန်းကမ်းခြေနေရာပေ့ါ၊ အခုတော့ ပင်လယ်ကဗွီးပင်တောကြီးဖြစ်သွားပြီလို့ ပြောပြတယ်။ လက်ညှိုးထိုးပြတဲ့နေရာကို မိမိတို့ ခရီးဖော်တွေအားလုံးက ကြည့်လိုက်ကြတဲ့အခါမှာလဲ ပင်လယ်ကဗွီးပင်တောကြီးကို စိမ်းစိမ်းစိုစိုရှိနေတာကို မြင်တွေ့လိုက်ကြရတယ်။ အရင်က လက်ခုပ်ကုန်းကမ်းခြေဆိုတဲ့နေရာ လက်ရှိမှာက ပင်လယ်ကဗွီးတောကြီးတွေသာ မြင်တွေ့နေရပြီး ပင်လယ်ရေပြင်က နှစ်မိုင်လောက်ကွာဝေးနေပြီဖြစ်တဲ့ အဝေးတစ်နေရာကိုရောက်ရှိနေပြီဖြစ်ပါတယ်။

လက်ခုပ်ကုန်းကမ်းခြေနေရာကို ကျော်လွန်လာခဲ့ပြီး အချိန်အနည်းငယ်အတွင်းမှာ ခြေတံရှည်တဲ့အိမ်လေးတွေစုပြီး တည်ရှိနေတဲ့နေရာတစ်ခုကို ရောက်လာခဲ့ကြတယ်။ ပင်လယ်ကမ်းစပ်နေရာလဲဖြစ်ပါတယ်။ ဒီနေရာက ဆယ်အိမ်တန်းပင်လယ်ကမ်းခြေဖြစ်ကြောင်း သိလိုက်ရသလို ပင်လယ်ရေပြင်ကျယ်ကြီးကိုလဲ အနီးကပ်တွေ့မြင်လိုက်ရတယ်။ ဒါပေမဲ့ ရေတွေက နောက်ကျိနေတယ်။ ခရီးဖော်တွေကို ရေဆော့၊ ရေကစားကြအုံးမလား၊ ရေထဲဆင်းကြအုံးမလားမေးကြည့်တော့ အားလုံးက မဆင်းတော့ဘူးဆိုတာနဲ့ နီးစပ်ရာဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်လိုက်ကြတယ်။ ဆယ်အိမ်တန်းကမ်းခြေကို လာရောက်လည်ပတ်ကြသူတွေနည်းပါးကြတယ်ဆိုပေမဲ့ ဖွင့်လှစ်ရောင်းချနေတဲ့ ဈေးဆိုင်လေးတွေ၊ စားသောက်ဆိုင်လေးတွေရှိသော်လည်း လာရောက်စားသောက်သူတွေ အလွန်နည်းပါးပါတယ်။ ဆိုင်လေးတွေကလဲ ခမ်းခမ်းနားနား ထည်ထည်ဝါဝါတွေမဟုတ်ကြဘဲ ဓနိတဲ၊ ဝါးတဲအဆင့်လောက်သာ ရှိနေကြတယ်။

ခရီးဖော်တွေက ဆိုင်ထဲကိုရောက်တာနဲ့ ပင်လယ်ရေပြင်ရှိရာကို မျက်နှာမူထိုင်လိုက်ကြပြီး အုန်းစိမ်းရေတစ်လုံးစီ မှာယူလိုက်ကြတယ်။ တစ်နေကုန်နေပူထဲမှာသွားလာလှုပ်ရှားနေကြရပြီး ကမ်းခြေကိုရောက်လာခဲ့ကြတဲ့အချိန်ကလဲ ညနေ သုံးနာရီသာရှိနေသေးတာကြောင့် ရေထဲကိုဆင်းကြဖို့ အဆင်မပြေနိုင်သေးပါဘူး။ ဒ့ါပြင် နေအရှိန်ကလဲ ပြင်းထန်နေသေးတယ်။ ဆိုင်ရှင်တွေက အုန်းစိမ်းရေတွေ လာချပေးတာနဲ့အတူ ကဏန်းချဉ်စပ်၊ ငါးသလောက်အိုးမှောက်ကို စားကြည့်ပါ ပူပူလေး စားလို့ကောင်းဆိုပြီး အပြောကောင်း၊ မြူဆွယ်ကောင်းကြတာနဲ့ ကဏန်းချဉ်စပ်တစ်ပွဲနဲ့ ငါးသလောက်အိုးမှောက် နှစ်ပွဲဆိုပြီး မှာယူထားလိုက်တယ်။ ပင်လယ်ဒေသကိုရောက်ရင် ပင်လယ်ဒေသထွက်အစားအစာတွေကို ရွေးချယ်စားသောက်ကြမယ်ဆိုတာကို ခရီးထွက်မလာခင်ကတည်းက ကြိုတင်တိုင်ပင် ပြောဆိုခဲ့ကြပြီးပါပြီ။

အုန်းစိမ်းရေသောက်ရင်း ပင်လယ်ပြင်ကြီးကို ကြည့်ရင်းနဲ့ မကြာခင် မှာယူထားခဲ့တဲ့ ကဏန်းချဉ်စပ်နဲ့ ငါးသလောက်အိုးမှောက်ဟင်းတွေ ရောက်လာတယ်။ ကဏန်းတွေက ဟင်းပွဲထဲမှာ လက်မကြီးတွေ ထိုးထိုးထောင်ထောင်နဲ့ အကောင် ၂၀ လောက်ပါမယ်ထင်တယ်။ စားချင်စဖွယ်ဖြစ်အောင် သေသေချာချာ ချက်ပြုတ်ထားပြီး လှလှပပဖြစ်အောင်လဲ ပြင်ဆင်ထားတာကို တွေ့ရတယ်။ ငါးသလောက်အိုးမှောက်ဆိုတာကတော့ ငါးတစ်ကောင်လုံးကို ကြွပ်ရွနေအောင် ကင်ထားသလို မြင်တွေ့နေရတယ်။ စားသောက်ဆိုင်တွေမှာ စားနေကြရတဲ့ ငါးကင်လို ငါးရဲ့ဗိုက်ထဲမှာ အမွှေးအကြိုင်အရွက်စိမ်းစိမ်း အစာပလာတွေမပါဝင်ဘဲ ငါးတစ်ကောင်တည်း သီးသန့်သာဖြစ်ပါတယ်။ ငါးရဲ့အရွယ်အစားကလဲ အတော်အသင့်ကြီးတယ်လို့ ပြောရမှာပါ။ ငါးသလောက်အိုးမှောက်နဲ့အတူ တွဲဖက်စားသောက်ကြဖို့အတွက် သံပုရာသီးခြမ်း၊ ခရမ်းချဉ်သီးစိပ်၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းနဲ့ ယိုးဒယားဆော့ချဉ်တွေကို စားပွဲထိုးက လာရောက်ချပေးထားတယ်။ ဆိုင်ရှင်တွေပြောတဲ့အတိုင်း ငါးသလောက်အိုးမှောက်က တကယ့်ကို ပူပူလေးပါ။ ထမင်းစားတူလေးတွေနဲ့ အသားတွေကို ဖဲ့ယူလိုက်တဲ့အခါတိုင်း အပူငွေ့တွေ ထွက်လာကြတယ်။ ကြိုက်နှစ်သက်တဲ့သူတွေအတွက် သံပုရာသီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ကြက်သွန်ဖြူတွေနဲ့ စားကောင်းကြမှာပါ။ အုန်းစိမ်းရေသောက်၊ ကဏန်းချဉ်စပ်နဲ့ ငါးသလောက်အိုးမှောက်ပူပူကိုစားရင်း ဆယ်အိမ်တန်းပင်လယ်ကမ်းခြေမှာ ခဏလောက် အနားယူလိုက်ကြပါအုံးမယ်။

# စနေနေ့ညယှဉ်ပြိုင်ကစားမဲ့ အီတလီစီးရီးအေပွဲစဉ်တွေထဲက အမ်ပိုလီအသင်း၊ ပါးမားအသင်း၊ အင်တာမီလန်အသင်းတို့ကို အားပေးရမှာပါ

M L



ဒီတစ်ပတ် စနေနေ့ညမှာယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေအဖြစ် အီတလီစီးရီးအေအမှတ်ပေးပြိုင်ပွဲနဲ့ အင်္ဂလန်ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲတွေသာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါ၊ စပိန်လာလီဂါ၊ ပြင်သစ်လီဂူး စတဲ့အမှတ်ပေးပြိုင်ပွဲတွေကတော့ ခရစ္စမတ်နဲ့နှစ်သစ်ကူးကာလတွေမှာ ခေတ္တရပ်နားထားကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ပရီးမီးယားလိဂ်အသင်းတွေဖြစ်တဲ့ လက်ရှိချန်ပီယံ မန်စီးတီးအသင်း စံချိန်တင်ရှုံးပွဲဆက်နေဆဲဖြစ်ပြီး အာဆင်နယ်အသင်းနဲ့ လီဗာပူးအသင်းတို့ နိုင်ပွဲရရှိခဲ့ကာ ချဲလ်ဆီး၊ မန်ယူအသင်းတို့ကလဲ နိုင်ပွဲပျောက်ဆုံးခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့မှာ ပြန်လည်စတင်မဲ့ ဂျာမန်ဘွန်ဒက်စ်လီဂါမှာ ဘိုင်ယန်မြူးနစ်အသင်းက အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်နေပြီး ဇန်နဝါရီ ၄ ရက်မှာ ပြန်လည်ယှဉ်ပြိုင်ကစားမဲ့ စပိန်လာလီဂါပြိုင်ပွဲရဲ့ အမှတ်ပေးဇယားက အပြောင်းအလဲဖြစ်ခဲ့ပြီး အေတီကိုအသင်းက အဆင့်(၁)၊ ရီးရဲလ်မက်ဒရစ်အသင်းက အဆင့် (၂)၊ ဘာစီလိုနာအသင်းက အဆင့်(၃)နေရာမှာ အသီးသီးရပ်တည်နေပါတယ်။ ပြင်သစ်လီဂူးအမှတ်ပေးပွဲစဉ်ကလဲ ဇန်နဝါရီ ၄ ရက်မှာပဲ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး အမှတ်ပေးဇယားကတော့ အပြောင်းအလဲမရှိခဲ့ဘဲ ပီအက်စ်ဂျီအသင်းက အဆင့်(၁)နေရာ ရပ်တည်နေဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုတစ်ပတ်မှာ အီတလီစီးရီးအေနဲ့ ပရီးမီးယားလိဂ်တို့သာ ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် အဲဒီပွဲစဉ်တွေထဲက အမ်ပိုလီ၊ ပါးမားနဲ့ အင်တာမီလန်အသင်းတို့ရဲ့ ပွဲစဉ်တွေကို လေ့လာသုံးသပ်ရွေးချယ်လိုက်ရပါတယ်။

## အမ်ပိုလီအသင်း ရလဒ်ကောင်းမှာပါ

ဒီတစ်ပတ်ယှဉ်ပြိုင်ကစားမဲ့ အီတလီစီးရီးအေအမှတ်ပေးပြိုင်ပွဲမှာ အကြိုက်တွေ့မိတဲ့အသင်းကတော့ အမ်ပိုလီအသင်းနဲ့ ဂျီနိုအာအသင်းတို့တို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိကြသလို ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ပြိုင်ဘက်အသီးသီးကို ရှုံးနိမ့်ခဲ့ကြတာ တွေ့ရပါတယ်။ အမ်ပိုလီအသင်းဟာ လက်ရှိဘောလုံးရာသီ ပွဲစဉ်(၁၇)ပွဲကစားပြီးချိန်မှာ ရမှတ် ၁၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၁)နေရာမှာ ရပ်တည်နေပြီး လေးပွဲနိုင်၊ ခုနစ်ပွဲသရေနဲ့ ခြောက်ပွဲထိရှုံးနိမ့်ထားပါတယ်။ အမ်ပိုလီအသင်းမှာ ကိုလမ်ဘို၊ အက်ပိုစီတိုတို့လို အားထားရတဲ့ကစားသမားတွေ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ရလဒ်ပိုင်းရုန်းကန်နေရတာလဲဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး လေးပွဲနိုင်၊ သုံးပွဲရှုံး၊ တစ်ပွဲသရေကျထားတာကိုတွေ့သလို အိမ်ကွင်းနောက်ဆုံးနှစ်ပွဲဆက်လဲ ရှုံးနိမ့်ထားတာကြောင့် အခုဂျီနိုအာအသင်းနဲ့ ပွဲစဉ်ကို နိုင်ပွဲရရှိဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။

ဂျီနိုအာအသင်းကတော့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းသာမန်သာရှိနေပြီး နောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးပွဲသရေကျထားပြီး အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာရပ်တည်နေပါတယ်။ သူတို့အသင်းဟာပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာလဲ နာပိုလီလိုအသင်းကို ရှုံးနိမ့်ခဲ့ပေမဲ့ ဒုတိယပိုင်းပွဲကစားချိန်အတွင်းမှာ အဘက်ဘက်က အသာစီးရယူကစားထားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမဲ့သူတို့အသင်းရဲ့ တိုက်စစ်ကစားသမားတွေခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် ချေပဂိုးနဲ့ အနိုင်ဂိုးတွေမရရှိခဲ့တာပါ။ သူတို့အသင်းဟာ အဝေးကွင်းနောက်ဆုံးသုံးပွဲမှာ ရှုံးပွဲမရှိကစားထားနိုင်ပေမဲ့ ခြေစွမ်းပိုင်းတူညီနေတဲ့အသင်းတွေနဲ့ တွေ့ဆုံရင် ရလဒ်ပိုင်းရုန်းကန်နေရတာကို တွေ့ရပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ဖိအားပေးကစားလာမဲ့ အမ်ပိုလီအသင်းရဲ့ တိုက်စစ်ပိုင်းကို ထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာကိုလဲ သတိပြုရမှာဖြစ်တာကြောင့် အခုပွဲစဉ်မှာ အမ်ပိုလီအသင်း ရလဒ်ကောင်းမှာပါ။

**အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၁ | - | ၁ | အူဒီးနီးစ် |
| အေစီမီလန် | ၃ | - | ၀ | အမ်ပိုလီ |
| ဗီရိုနာ | ၁ | - | ၄ | အမ်ပိုလီ |
| အမ်ပိုလီ | ၀ | - | ၁ | တိုရီနို |
| အတ္တလန္တာ | ၃ | - | ၂ | အမ်ပိုလီ |

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၂ | - | ၂ | ကယ်ဂလီယာရီ |
| အူဒီးနီးစ် | ၀ | - | ၂ | ဂျီနိုအာ |
| ဂျီနိုအာ | ၀ | - | ၀ | တိုရီနို |
| အေစီမီလန် | ၀ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ၂ | နာပိုလီ |

## ပါးမားအသင်းကို အားပေးရမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရှုံးပွဲဆက်နေပြီး ခြေစွမ်းပိုင်းကျဆင်းနေကြတဲ့ ပါးမားနဲ့ မွန်ဇာအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းမှာ ပါးမားအသင်းက လက်ရှိအမှတ်ပေးဇယားမှာ ရမှတ် ၁၅ မှတ်နဲ့ အဆင့်(၁၅)နေရာမှာရပ်တည်နေပြီး ဒီရာသီစီးရီးအေပြိုင်ပွဲမှာ နိုင်ပွဲသုံးပွဲသာရရှိထားပါတယ်။ အဲဒီနိုင်ပွဲသုံးပွဲမှာ နှစ်ပွဲက အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် ပါးမားအသင်းဟာ အိမ်ကွင်းဆိုရင် ခြေစွမ်းပိုင်းတူညီတဲ့အသင်းတွေကိုအဘက်ဘက်က အသာစီးရယူကစားထားနိုင်တာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ထားတယ်ဆိုပေမဲ့ အဲဒီသုံးပွဲမှာ အင်တာ၊ ရိုးမားတို့လို ခြေစွမ်းပိုင်းမာကျောတဲ့ အသင်းကြီးတွေကို ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ မွန်ဇာအသင်းကို အခုလိုအိမ်ကွင်းပွဲစဉ်မှာ အနိုင်ရရှိအောင် ဖိအားပေးကစားလာမှာပါ။

မွန်ဇာအသင်းကတော့ လက်ရှိဘောလုံးရာသီ တန်းတက်အသင်းတွေထဲမှာ ခြေစွမ်းပိုင်းဆိုးရွားနေတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲစဉ်(၁၇)ပွဲထိ ကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲသာရရှိထားပြီး ခုနစ်ပွဲသရေ၊ ကိုးပွဲရှုံးနိမ့်ထားကာ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတဲ့အသင်းပါ။ ဒါ့ပြင် ပြိုင်ပွဲစုံနောက်ဆုံး ၁၀ ပွဲမှာလဲ သုံးပွဲသရေ၊ ခုနစ်ပွဲထိရှုံးနိမ့်ထားတာကြောင့် လက်ရှိအသင်းလိုက် စွမ်းဆောင်ရည်နဲ့ ရလဒ်ပိုင်းရုန်းကန်နေရတဲ့အသင်းပါ။ နည်းပြအဲလက်စ်ဆန်ဒရိုအနေနဲ့လဲ သူတို့အသင်းရဲ့ခံစစ်ပိုင်းကို အခုချိန်ထိ ပြန်လည်ပြင်ဆင်နိုင်ခြင်းမရှိတာကြောင့် အခုလိုရလဒ်ပိုင်းဆိုးရွားနေတာဖြစ်ပြီး ကစားသမားတွေအနေနဲ့လဲ စွမ်းဆောင်ရည်ကျဆင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ အခုပါးမားအသင်းနဲ့ အဝေးကွင်းပွဲစဉ်မှာလဲ အနိုင်ရရှိဖို့ခက်ခဲနေအုံးမှာပါ။ ပါးမားနဲ့ မွန်ဇာအသင်းတို့ဟာ နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံထားပြီး နှစ်ပွဲလုံးသရေကျထားပါတယ်။ ဒါ့ပြင် အခုပွဲစဉ်မှာလဲ လက်ရှိခြေစွမ်းအရ အိမ်ကွင်းမှာ အဘက်ဘက် က ဖိအားပေးကစားလာမဲ့ ပါးမားအသင်းကို အားပေးရမှာပါ။

**ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပါးမား | ၁ | - | ၃ | အတ္တလန္တာ |
| ပါးမား | ၃ | - | ၁ | လာဇီယို |
| အင်တာမီလန် | ၃ | - | ၁ | ပါးမား |
| ပါးမား | ၂ | - | ၃ | ဗီရိုနာ |
| ရိုးမား | ၅ | - | ၀ | ပါးမား |

**မွန်ဇာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုမို | ၁ | - | ၁ | မွန်ဇာ |
| ဘိုလော့ဂ်နာ | ၄ | - | ၀ | မွန်ဇာ |
| မွန်ဇာ | ၁ | - | ၂ | အူဒီးနီးစ် |
| လက်ချီ | ၂ | - | ၁ | မွန်ဇာ |
| မွန်ဇာ | ၁ | - | ၂ | ဂျူဗင်တပ် |

## အင်တာမီလန်အသင်းကို ရွေးချယ်ရမှာပါ

ဒီတစ်ပတ်စီးရီးအေပွဲစဉ်ထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ကယ်ဂလီယာရီအသင်းနဲ့ အင်တာမီလန်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကယ်ဂလီယာရီအသင်းဟာ လက်ရှိဘောလုံးရာသီမှာ အမှတ်ပေးဇယားအဆင့်(၁၈)နေရာ တန်ဆင်းဇုန်မှာ ရမှတ် ၁၄ မှတ်နဲ့ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ စီးရီးအေပွဲစဉ်(၁၇)ပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ ငါးပွဲသရေ၊ ကိုးပွဲရှုံးနိမ့်ထားသလို နောက်ဆုံးငါးပွဲမှာလဲ ခြေစွမ်းပိုင်းဆိုးရွားနေတဲ့ ဗီရိုနာအသင်းကို အိမ်ကွင်းပွဲစဉ်မှာ အနိုင်ရရှိခဲ့ပြီး လေးပွဲရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ ဗီနီဇီယားလိုအသင်းကို အဘက်ဘက်က အသာစီးရယူကစားနိုင်ခဲ့ပေမဲ့ ခံစစ်ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကျဆင်းမှုကြောင့် အနိုင်ဂိုးခွင့်ပြုခဲ့ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာပါ။ ဒါ့ကြောင့် အခုလို ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အင်တာမီလန်အသင်းနဲ့ပွဲစဉ်မှာ ခံစစ်ပိုင်းက ထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာ သတိပြုရပါလိမ့်မယ်။

ဒါ့ပြင် အမှတ်ပေးဇယားအဆင့်(၃)နေရာက အင်တာမီလန်အသင်းဟာ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းအကောင်းဆုံးဖြစ်နေပြီး ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာ လေဗာကူဆင်အသင်းကို အဝေးကွင်းမှာရှုံးနိမ့်ထားပြီး စီးရီးအေမှာ နိုင်ပွဲဆက်နေတဲ့အသင်းပါ။ သူတို့အသင်းမှာ နည်းပြအင်ဇာဂီရဲ့ နည်းစနစ်ပိုင်းအကောင်းဆုံးစွမ်းဆောင်ထားနိုင်သလို အဓိကကစားသမားတွေဖြစ်တဲ့ မာတီနက်ဇ်၊ သူရမ်တို့အကောင်းဆုံးပုံစံမှာရှိနေတာကိုတွေ့ရပါတယ်။ အင်တာမီလန်အသင်းဟာ ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ပြီး ကိုပါအီတာလီယာပြိုင်ပွဲမှာလဲ နိုင်ပွဲရရှိထားတာကြောင့် အခုလိုကယ်ဂလီယာရီအသင်းနဲ့ ပွဲစဉ်မှာ အဘက်ဘက်က အသာစီးရယူကစားလာနိုင်ပါလိမ့်မယ်။ သူတို့နှစ်သင်းရဲ့တွေ့ဆုံမှုနောက်ဆုံးငါးကြိမ်မှာ အင်တာမီလန်အသင်းအနေနဲ့ လေးပွဲအနိုင်ရထားပြီး တစ်ပွဲသရေကျထားတာကြောင့် ကယ်ဂလီယာရီအသင်းရလဒ်မကောင်းနိုင်သေးပါဘူး။ဒါ့ကြောင့် အင်တာမီလန်အသင်းကို ရွေးချယ်ရမှာပါ။

**ကယ်ဂလီယာရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကယ်ဂလီယာရီ | ၁ | - | ၀ | ဗီရိုနာ |
| ဖီအိုရင်တီးနား | ၁ | - | ၀ | ကယ်ဂလီယာရီ |
| ကယ်ဂလီယာရီ | ၀ | - | ၁ | အတ္တလန္တာ |
| ဂျူဗင်တပ်စ် | ၄ | - | ၀ | ကယ်ဂလီယာရီ |
| ဗင်နီဇီယာ | ၂ | - | ၁ | ကယ်ဂလီယာရီ |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၃ | - | ၁ | ပါးမား |
| လေဗာကူဆင် | ၁ | - | ၀ | အင်တာမီလန် |
| လာဇီယို | ၀ | - | ၆ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၀ | အူဒီးနီးစ် |
| အင်တာမီလန် | ၂ | - | ၀ | ကိုမို |

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၃၂၂ ဧက စိုက်ပျိုးပြီးစီး



**မင်းကင်း ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၃၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၄၈၉၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလအလယ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၃၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မင်းကင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ နှမ်းဧက၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောပြ၍ သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ် များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်နှမ်းစိုက်တောင်သူများအနေဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိပြီး အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်သဖြင့် နှမ်းအထွက်တိုးစေရန် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ် မကြီးချို(တ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြို့သစ် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကြီးချို(တ)ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မကြီးချို(တ)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မကြီးချို(တ)ကျေးရွာ၌ လမ်းအရှည် ၈၂၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ဆက်လက်ပြောပြ၍ သိရသည်။ **နီလာ**






# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၆-၁၂-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၈၂၂။ | ဦးအေးကိုနှင့်ဇနီး ဒေါ်ကြည်ကြည်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀၀၀ |
| ၄၈၂၃။ | ဦးသန်းအောင်နှင့်ဇနီး ဒေါ်အေးအေးလွင်၊ (သား)မောင်မြင့်မြတ်ဟိန်း၊ မောင်ဉာဏ်လင်းထက် မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၄၈၂၄။ | ဦးတင်လှိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်လှိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၄၈၂၅။ | ကွယ်လွန်သူဒေါ်မြမြစိုးအားရည်စူး၍ ခင်ပွန်းဦးခင်မောင်ဝင်းကောင်းမှု | ၂၀၀၀၀၀၀ |
| ၄၈၂၆။ | ဒုတိယအရာခံဗိုလ်ဦးတင်ရွှေနှင့်ဇနီး ဒေါ်ဝင်းဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၇။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ချိုမာ၊(သမီး)ဒေါက်တာပြည့်ပြည့်ဖြိုး၊ (သမီး)ဒေါက်တာပြည့်ပြည့်ကျော်၊ (သား)မောင်ရဲလင်းထက် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၈။ | ဦးတင်ဇော်လင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ထက်စိုး၊ မောင်ကျော်လွင်စိုးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၄၈၂၉။ | ဒေါ်ခင်မော်(၅၅)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၂၀၀၀၀၀ |
| ၄၈၃၀။ | ကွယ်လွန်သူ တပ်ကြပ်ကြီး/စာရေးညီညီလှိုင်အား ရည်စူး၍ ဒုတိယအရာခံဗိုလ်ချမ်းအေးငြိမ်းနှင့်ဇနီး ဒေါ်အုန်းခင်မိသားစုနှင့် မောင်နှမများကောင်းမှု | ၂၀၀၀၀၀ |
| ၄၈၃၁။ | ဦးကိုကိုထွေးနှင့်ဇနီး ဒေါ်စန္ဒာဦးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၄၈၃၂။ | ဒေါ်ဖြူစင်သန့်၊ ဒေါ်ခင်စန္ဒာလင်းနှင့် ဒေါ်ကေဇင်သန့် မိသားစုကောင်းမှု | ၁၁၉၈၀၀ |
| ၄၈၃၃။ | မမေမြတ်နိုးကောင်းမှု | ၁၁၀၀၀၀ |
| ၄၈၃၄။ | ဦးမင်းဇော်ဦးကောင်းမှု | ၁၁၀၀၀၀ |
| ၄၈၃၅။ | မောင်စောဝင်းမိုးကျော်နှင့်ဇနီး မသီရိချမ်းမြေ့မိသားစု ကောင်းမှု | ၁၁၀၀၀၀ |
| ၄၈၃၆။ | မအေးငြိမ်းထက်သူကောင်းမှု | ၁၁၀၀၀၀ |
| ၄၈၃၇။ | ဦးမောင်မြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၈၃၈။ | ဒေါ်သန်းသန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၈၃၉။ | ဦးသီဟအောင်နှင့်ဇနီး ဒေါ်ဖြိုးလဲ့ဇော်၊ (သား)မောင်သွင်ထူးခွဲခန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၀။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်အေးမိမျိုးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၁။ | ဒေါ်ခင်သန်းဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၂။ | ဆရာဦးပန်းညွန့်(ငြိမ်း)နှင့်ဇနီး ဒေါ်ငြိမ်းနုမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၃။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒုတိယအရာခံဗိုလ် သက်နိုင်နှင့်ဇနီး ဒေါ်နီနီလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၄။ | ဦးကျော်ကျော်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၅။ | ဒေါ်ရွှေ၊ ဒေါ်အေးနှင့် ဒေါ်မော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၆။ | ကွယ်လွန်သူဦးမောင်စိန်အားရည်စူး၍ ဇနီးဒေါ်တင်လှ ကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၇။ | ဒေါ်ခင်စန်းကြည် အသက်(၈၀)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၈။ | ဦးဘိုလေး၊ ဦးကျော်လင်းနှင့် ဦးစိုးမင်းအောင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၄၉။ | ဦးရဲမင်းထွန်း၊ ဦးဝင်းဖေ၊ ဒေါ်ချိုချိုဝင်း၊ မထက်ထက်ကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၅၀။ | ဦးကျော်ငြိမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၅၁။ | ကွယ်လွန်သူမောင်ခိုင်မြင့်ထွန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၅၂။ | ဦးရွှေဝင်းနှင့်ဇနီး ဒေါ်နှင်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၅၃။ | ကွယ်လွန်သူဦးဘစိန်အားရည်စူး၍ ဒေါ်ကျင်ရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၅၄။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်တင်ညိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၅၅။ | ဦးဖိုးဆင်နှင့်ဇနီး ဒေါ်စောအားရည်စူး၍ (သမီး)ဒေါ်သင်းစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၅၆။ | ဦးကျော်သာနှင့်ဇနီး ဒေါ်ကြင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၈၅၇။ | ဒုတိယဗိုလ်မှူးကြီးဆန်းဝင်းနှင့်ဇနီး ဒေါ်နန်းချိုချိုဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၅၈။ | ဗိုလ်မှူးစိုးမင်းပြည့်နှင့်ဇနီး ဒေါ်စိမ်းမြတ်ယမင်းအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၅၉။ | ကွယ်လွန်သူရဲဗလရဲအုပ်ကျော်စွာသူအားရည်စူး၍ ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်ရွှေရွှေမြင့်ကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၀။ | ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်ဖြူနှင်းခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၁။ | ကိုကောင်းဆက်ဟိန်းနှင့်ဇနီး မရွှန်းရွှန်းဝါမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၂။ | ဦးမင်းမောင်နှင့်ဇနီး ဒေါ်နွယ်နွယ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၃။ | ကွယ်လွန်သူဦးညွန့်ကျော်အားရည်စူး၍ ဒေါ်ခင်ရွှေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၄။ | ကွယ်လွန်သူဦးသောင်းညွန့်အားရည်စူး၍ ဇနီးဒေါ်ရွှေရွှေဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၅။ | နှစ်ဖက်သောမိဘများအမှူးထား၍ ဦးအောင်ဇေယျာဦး နှင့်ဇနီး ဒေါ်ရွှေမြင့်ညွန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၆။ | ဦးစောတင်မောင်လွင်နှင့်ဇနီး ဒေါ်ယုယုမွန်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၇။ | ကွယ်လွန်သူဦးမြအေးအားရည်စူး၍ ကျန်ရစ်သူဒေါ်သန်းနု၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၈။ | ဦးကျော်ဝင်းထွန်းနှင့်ဇနီး ဒေါ်နန်းမိုဟွမ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၆၉။ | ဦးတင်မောင်ထွန်းနှင့်ဇနီး ဒေါ်နန္ဒာစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၇၀။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ယုယုနွယ်၊ သား၊ သမီး၊ သမက်၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၄၈၇၁။ | ဦးထိန်လင်းဟန်နှင့်ဇနီး ဒေါ်ဝင်းဝင်းသန်း၊ (သား)မောင်ဘုန်းဟန်ထက်၊(သမီး)မမော်ရည်ဝင်းထက် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၇၂။ | မောင်ကောင်းထက်ကျော်နှင့်ဇနီး မယမင်းအိမ်ထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၇၃။ | ဦးမြတ်မင်းသူနှင့်ဇနီး ဒေါ်စောမြတ်ထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**








# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မား တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယာယီနေရပ်စွန့်ခွာသူများအတွက် အခြေခံလိုအပ်ချက်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် စေတနာရှင်၊ အလှူရှင်များ ပေါင်းစပ်၍ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေး**

စာမျက်နှာ- ၁၆

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုချီးမြှင့်**

စာမျက်နှာ- ၁၉

## ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်အုပ်ချုပ်ရေးမှူးကို လုပ်ကြံပစ်ခတ်သူ Free Land Attack Force (FLA) အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၆

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေရန်၊ အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခိုးပြတိုက်လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။ စာမျက်နှာ ၂၁ ကော်လံ ၁ ☆



(ဝဲမှယာ) တရားခံ မေမြတ်သဉ္ဇာကျော်(ခ)ငယ်ငယ်၊ စိုင်းနောင်ထက်(ခ)အာကြီးတို့ကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လုသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

